# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ် (၂၈၇)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝင်(ဓမ္မပဒ - ၁၈၂)




# အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုပါ၏။

မြန်မာ့အလင်း

# သမိုင်းသင်ခန်းစာ

“ပြည်ထဲအရေး ပေါက်နဲ့ ကျေး” ဟု နိုင်ငံရေးကို ရှေးကဆိုကြသည်။ “ကြက်ဥအရောင်၊ တိမ်တောင်သဖွယ် မင်းရေးကျယ်သည်”ဟုလည်း ဆိုကြသေးသည်။ သို့ဖြစ်ရာ နိုင်ငံရေးဟူသည် ရောထွေးမှုများ၊ လှည့်ဖြားမှုများ၊ မာယာပရိယာယ်များ၊ နားမလည်နိုင်ဖွယ်များ၊ မိမိတို့ လက်လှမ်းမမီသည့် အရေးအရာများဟူ၍ မြန်မာလူမျိုးအများစုတို့က ယေဘုယျအားဖြင့် နားလည်လက်ခံထားကြခြင်းဖြစ်သည်။ အမှန်တကယ်အားဖြင့်လည်း နိုင်ငံရေး၏ သဘောသဘာဝများက ဤသို့ပင်ဖြစ်နေရာ မှားသည်ဟု မဆိုသာ။

အဘိဓာန်များကမူ နိုင်ငံရေးဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခု သို့မဟုတ် နိုင်ငံတစ်ခုအတွင်း အာဏာကို မည်သို့ခွဲဝေသည်၊ ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်သည်၊ အရင်းအမြစ်များကို မည်သို့ စီမံခန့်ခွဲသည်ဆိုသည့် လုပ်ငန်းစဉ်တစ်ခုလုံးကို ဆိုလိုခြင်း ဖြစ်သည်ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ စင်စစ်အားဖြင့် နိုင်ငံရေးသည် လူတို့၏အပြုအမူများပင်ဖြစ်ရာ လူတို့၏ပင်ကို သဘောအရ ဖောက်လွဲဖောက်ပြန်မှုများ ပါဝင်လာခြင်းပင်ဖြစ်သည်။ ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း၊ အဂတိလိုက်စားခြင်း၊ လိမ်လည်လှည့်ဖြားခြင်း စသည်တို့မှာ နိုင်ငံရေး၏ အမှောင်ဘက်ခြမ်းတွင် ပကတိအားဖြင့် တည်ရှိနေသော အရာများဖြစ်ပြီး နိုင်ငံရေးလောကကို နတ်ဆိုးများသဖွယ် ဖျက်ဆီးလေ့လည်းရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟုဆိုသည်။ မိမိတို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသည့် စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုသည် နိုင်ငံရေး ဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ဗိုလ်ချုပ်က “နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာဖြစ်သည်။” ဟု ဆိုခဲ့သည်။ ဤအဆိုအမိန့်ကို ပြောကြားခဲ့ပြီးနောက် တစ်နှစ်ခွဲခန့်အကြာတွင် ယုတ်မာညစ်ထေးသူ နိုင်ငံရေးသမားတစ်ဦး၏ လက်ချက်ဖြင့် ဗိုလ်ချုပ်နှင့်တကွ တိုင်းပြုပြည်ပြု လုပ်ဖော်ကိုင်ဖက်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည်။ မြန်မာ့နိုင်ငံရေး၏ အနာဂတ်မှာလည်း ပြောင်းလဲခဲ့ရသည်။ အကယ်၍ ဤဖြစ်ရပ်ဆိုးကြီးသာ မဖြစ်ခဲ့လျှင် ယနေ့ မြန်မာနိုင်ငံသည် မည်သို့ရှိမည်နည်း။

မိမိတို့မြန်မာနိုင်ငံ၏နိုင်ငံရေးခရီးကြမ်းမှာ ရှည်လျားသလောက် ကြမ်းတမ်းလှသည်။ ယနေ့တိုင်လည်း မပြီးဆုံးနိုင်သေး။ နယ်ချဲ့လက်အောက်ခံဘဝဖြင့် နိုင်ငံရေးနိုးကြားမှုများမှစလျှင် နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည့် ခရီးကြမ်းကြီးဖြစ်သည်။ ကိုလိုနီနိုင်ငံဘဝမှ လွတ်မြောက်ရေး၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံဖွဲ့စည်းတည်ထောင်ရေး စသည်ဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် သင်ခန်းစာယူဖွယ်တို့ မြောက်မြားလှစွာရှိနေသည်။ သို့ရာတွင် မြန်မာ့နိုင်ငံရေးနယ်ပယ်မှ မြန်မာနိုင်ငံရေးသမားတို့သည် သမိုင်းသင်ခန်းစာယူဖွယ်တို့ကို လျစ်လျူရှုခဲ့ကြကာ နှစ်ပေါင်းများစွာအတွင်း နောက်ထပ်အမှားများစွာတို့ကို ထပ်မံကျူးလွန်ခဲ့ကြပြန်သည်။ သို့ဖြစ်ရာ နိုင်ငံရေးဟူသည် စနစ်တကျ စုပေါင်းနေထိုင်ပြီး ပိုမိုကောင်းမွန်သော လူမှုဘဝရရှိရန် ကြိုးပမ်းသည့်ဖြစ်စဉ်ဖြစ်သည်ဟူသော နှစ်ပေါင်းထောင်ချီနေပြီဖြစ်သည့် ဂန္ထဝင်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်စွာပင် လူမှုဒုက္ခများကိုသာ ဖြစ်ပေါ်နေစေသည်။ ဤသည်မှာ ယုတ်မာညစ်ထေးသည့် နိုင်ငံရေးသမားတို့၏ လောဘဇောများနှင့် ဆင်ခြင်တုံတရားကင်းမဲ့သည့် အပြုအမူများ၏ အကျိုးဆက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ နိုင်ငံ၏ပိုင်နက်နယ်မြေ အစိတ်အပိုင်းအားလုံး မခွြင်းမချန် လွတ်လပ်ရေးရရှိရန် မြန်မာ့အမျိုးသားခေါင်းဆောင်ကြီးများက ကြိုးပမ်းရယူခဲ့ကြခြင်းဖြစ်သည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် ပြည်ထောင်စုနိုင်ငံတွင် ခွင့်တူညီမျှ အတူတကွ စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး အင်အားကြီးသည့် နိုင်ငံဖြစ်လာအောင် တည်ဆောက်ကြရန် မျှော်မှန်းခဲ့ကြခြင်းလည်းဖြစ်သည်။ သို့ရာတွင် ယုတ်မာညစ်ထေးသည့် နိုင်ငံရေးသမားများ၊ လက်နက်ကိုင် အကြမ်းဖက်ဝါဒီ နိုင်ငံရေးသမားများကမူ နိုင်ငံပြိုကွဲရေး၊ ပျက်စီးရေး၊ နာကြည်းရေး၊ မုန်းတီးရေးတို့ကို ဆက်ကာဆက်ကာ ပြုလုပ်ကြရင်း နိုင်ငံနှင့် ပြည်သူတို့ကို တည်ငြိမ်အေးချမ်းမှုကင်းမဲ့သော၊ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျသော အခြေအနေများဖြစ်ရန် ဖန်တီးနေကြသည်။

ယနေ့ မိမိတို့မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေးမြင်ကွင်းမှာ သိသိသာသာ ထင်လင်းမြင်သာစွာပင် ရှင်းလင်းသည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် အပေါင်းလက္ခဏာဆောင်သည့် အယူဝါဒရှိသူတိုင်း ဥပဒေနှင့်အညီ နိုင်ငံရေး၊ နိုင်ငံ့အရေးလုပ်နိုင်ကြသည်။ အရည်အချင်းပြည့်စုံသူတိုင်း ပြည်သူလူထု၏ ရွေးကောက်တင်မြှောက်မှုဖြင့် လွှတ်တော်များသို့ ဝင်ရောက်၍ တိုင်းကျိုးပြည်ကျိုး ဆောင်နိုင်ကြသည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် နိုင်ငံမပျက်စီးရန်၊ ပြည်သူမထိခိုက်ရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းဖြောင့်တန်းစွာ ရှိနေသည်။

သို့ဖြစ်ရာ နှစ်ပေါင်း ၈၀ ခန့် ကြာတောင့်ကြာရှည်ပြီဖြစ်သည့် အမှားတို့ကို ပြင်ဆင်ကုစားကြရန် ခေတ်သစ်မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးနိုင်ငံရေး အကြမ်းဖက်မှုကြီးဖြစ်ပွားခဲ့သည့် အာဇာနည်ဤယနေ့တွင် တိုက်တွန်းလိုက်ရပါကြောင်း ။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံတိုင်လမ်းအား ဓမ္မစေတီ – ရွှေဂုံတိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ – ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ပင်လောင်းမြို့နယ်၌ ကျန်းမာရေးအထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးကုသ

ကလော ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလော ခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းမှစ၍ ပင်လောင်းမြို့နယ် တီကျစ်မြို့ ဘုရားမဲဘုန်းကြီးကျောင်း၌ ကျေးရွာနေပြည်သူများအား ကျန်းမာရေးအခမဲ့ကွင်းဆင်းဆေးကုသပေးခြင်း ဆောင်ရွက်ရာ ဆေးရုံအုပ် ဒေါက်တာဝင်းသန္တာဖြူဦးဆောင်၍ အထူးကုဆရာဝန်များ (ဆေးပညာ၊ မေ့ဆေး၊ ကလေး၊ သားဖွားမီးယပ်နှင့် အရိုးအထူးကု)၊ သွားနှင့်ခံတွင်းဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်သည့်အဖွဲ့သည် တီကျစ်တိုက်နယ် ဆရာဝန်နှင့်အဖွဲ့တို့ဖြင့် ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ရောဂါအလိုက်လိုအပ်သောဆေးဝါးများကို ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၃၀၀၀၀ ကျခံသုံးစွဲပြီး Ultrasound ၂၁ဦး၊ ECG ၈၂ ဦး၊ စုစုပေါင်းလူနာ ၅၉၂ ဦးအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျော်ဝင်း

### ၁၈-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ – ၇ – ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၀ | ၃၃၅၀ | ၃၃၁၀ | ၃၂၂၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၅ | ၃၂၉၀ | ၃၆၁၅ | ၃၆၅၀ | ၃၃၁၀ | ၃၄၃၅ | ၃၃၉၅ | ၃၃၅၅ | ၃၃၇၀ | ၃၆၁၀ |
| 95 Ron | ၃၂၈၅ | ၃၄၂၅ | ၃၃၈၅ | ၃၃၀၀ | ၃၄၃၀ | ၃၄၄၅ | ၃၄၇၀ | ၃၃၆၅ | ၃၆၉၀ | ၃၇၂၅ | ၃၃၈၅ | ၃၅၀၀ | ၃၄၇၀ | ၃၄၃၀ | ၃၄၄၅ | ၃၆၈၅ |
| HSD (500 ppm) | ၃၁၇၅ | ၃၃၀၅ | ၃၂၆၅ | ၃၁၉၀ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၀ | ၃၂၅၀ | - | ၃၅၉၅ | ၃၂၇၀ | ၃၆၆၅ | ၃၃၅၀ | ၃၃၁၀ | ၃၃၂၅ | ၃၅၅၅ |
| HSD (50 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | ၄၃၀၀ | ၄၃၃၅ | ၃၉၈၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |
| HSD (10 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | | ၄၃၃၅ | ၃၉၈၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၃ | ၃၁၂၇ |
| 95 Ron | ၃၁၀၅ | ၃၂၀၁ |
| HSD (500 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (50 ppm) | ၃၆၉၅ | ၃၇၉၉ |
| HSD (10 ppm) | ၃၆၉၅ | ၃၇၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်–ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ဆိုင်ရာ အချက်အလက်များ၊ စက်ရုံလည်ပတ်နိုင်ရေးနှင့် ပတ်သက်၍ ရရှိနိုင်မည့်ကုန်ကြမ်း အမျိုးအစားနှင့် ပမာဏအပေါ် မူတည်ပြီး တစ်နှစ်လျှင် တန်ချိန် ၅ သိန်း ချက်လုပ်နိုင်သော Modular Type Refinery အား Phase I အဖြစ် စတင်ဆောင်ရွက်လျက်ရှိမှု ၊ Phase II အဖြစ် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ Phase I နှင့် Phase II တည်ဆောက်ခြင်းအား ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများ ပို့ဆောင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း၊ သဘာဝဓာတ်ငွေ့များ ပို့ဆောင်ပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်း၊ စက်ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ တစ်နှစ်လျှင် တန်ချိန် ၅ သိန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံ Phase I အား ယခုနှစ် စက်တင်ဘာလတွင် လည်ပတ် ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး Phase II ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာPhase II ပြီးစီးချိန်တွင် နိုင်ငံတော်လိုအပ်ချက်၏ ဓာတ်ဆီ ၆၀ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့်အခြေအနေ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ စွမ်းအင်ပြတိုက်အတွင်း ကြည့်ရှုစဉ်။

> ❖ **စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်းရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်လည်းဖြစ်၊ ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများလည်း လျော့နည်းနိုင်မည်**
>
> ❖ **ပြည်တွင်းထုတ် စက်သုံးဆီများအား ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးပြီး အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မိမိတို့နိုင်ငံတော် တာဝန်ယူခဲ့ရစဉ်ကာလအတွင်း ယခုစက်ရုံအား အသစ်ပြန်လည် တည်ဆောက်လည်ပတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်းရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်လည်းဖြစ်ကြောင်း၊ ပြည်ပမှ စက်သုံးဆီ တင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုများလည်း လျော့နည်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Phase I တည်ဆောက်နိုင်ခဲ့ခြင်းသည် မိမိတို့အစိုးရ၏ မော်ကွန်းမှတ်တိုင် တစ်ခုပင်ဖြစ်ကြောင်းနှင့် စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**လိုအပ်သည်များမှာကြား**

ပြည်တွင်းထုတ် စက်သုံးဆီများအား ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သန်လျင်ဒေသသည် ပူပြင်းသည့်ဒေသတွင် ပါဝင်သဖြင့် စက်ရုံမီးဘေး လုံခြုံရေးအတွက် လည်း ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ အမြဲစိမ်းသစ်ပင်များ၊ အရိပ်ရလေကာပင်များနှင့် အုန်းပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ခင်းကျင်းပြသ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ပြတိုက် ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေနံထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်း ကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရေနံချက်စက်ရုံ Phase I တည်ဆောက်နေမှုအခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

# ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်အတွင်း ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ရွှေပြည် စိုက်ပျိုးမွေးမြူရေးဇုန် (မှော်ဘီ)၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား

> ❑ **ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လို**

အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဇုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှု၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်း တိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်နှင့် စက်ကိရိယာများ သုတေသနပြု အသုံးချမွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေးအစာ အရည်သွေးပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိမှု၊ တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများဖြင့် Bio-Gas ထုတ်လုပ်နိုင်ရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များထုတ်လုပ်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုး (Hybrid) စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာစိုက်ပျိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် ဇုန်များအလိုက် ရေရှည်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ငါးမွေးမြူရေးလုပ်ငန်း (မအူပင်)၊ ငါးမွေးမြူရေးလုပ်ငန်း (ရွှေမုယင်း)တို့ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တန် ၅၀၀ အအေးခန်းစက်ရုံ (လှိုင်သာယာ)၏ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းသည် ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ရာသီသီးနှံများ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ် ကတည်းကပင် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်များခွဲဝေကာ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

**စားရေးကို များစွာ အထောက်အကူဖြစ်စေနိုင်**

သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် အသားငါးများသည် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် သီလဝါစက်မှုဇုန်တို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေလျက်ရှိကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်း(ရွှေမုယင်း) မှ ထွက်ရှိသည့်ငါးများ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်(မှော်ဘီ)မှထွက်ရှိသည့် ဝက်သား၊ ကြက်ဥနှင့် ကြက်သားများ၊ (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမှ ထွက်ရှိသည့် အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများသည်လည်း ရန်ကုန်တိုင်းဒေသကြီး၏ စားရေးကိုများစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေကြကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာသမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးသည့် *စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ ည ၇ နာရီ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



*စာမျက်နှာ ၄ မှ*

နည်းလမ်းများကို အသုံးပြု ဆောင်ရွက်ကြရန်လိုကြောင်း။

**စနစ်တကျဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာ ရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟု ဆိုရာတွင် ပြည်သူလူထု၏စားရေးအဆင်ပြေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိက လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စားရေးအဆင်ပြေမှု ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့် မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာအတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့ စသည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် မြို့ဖြစ်သဖြင့် အခြားသောမြို့များထက် ဦးဆောင်စံပြဖြစ်ရမည်ဖြစ်ပြီး ဒေသတွင်းစားရေး အဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ အလားတူအခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အသား၊ ငါးနှင့် ဥများ ဖူလုံမှုရှိစေရေး ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်စားသုံးမှုအပေါ် မူတည်တွက်ချက်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများသည်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် တန်ဖိုးမြင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာများ အပါအဝင် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME ကို အခြေခံသည့် စီးပွားရေးနှင့် စုပေါင်းလုပ်ဆောင်သည့် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည် ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မွေးမြူရေးဇုန်အတွင်း ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်တို့အား ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရှင်းလင်းဆောင် ခန်းမအတွင်း၌ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် လက်တွေ့လိုက်နာဆောင်ရွက်မှု သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering & Countering the Financing of Terrorism-AML/CFT) ဆိုင်ရာ အသိပညာနှင့် လက်တွေ့လိုက်နာဆောင်ရွက်မှု သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေး ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းနာယက ဦးကျော်ညွှန့်နှင့် အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက AML/CFT ဆိုင်ရာ အခြေခံဗဟုသုတများနှင့် ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းတို့၏ လုပ်ငန်းတာဝန်များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များ၊ သတင်းပို့ရန်တာဝန်များနှင့် စာရင်းလုပ်ငန်းများက လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် လိုက်နာဆောင်ရွက်မှု စစ်တမ်းမေးခွန်းလွှာ (Off - Site Questionnaires) ဖြေဆိုမှုပုံစံတို့ကို ရှင်းလင်းရာ သင်တန်းတက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ သိရှိနားလည်မှု ဆန်းစစ်ချက်မေးခွန်းများကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

နေပြည်တော် ဇူလိုင် ၁၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# အမည်မည်းနှင့် အမြဲမနေစေလို

**အမည်မည်း(Black List) ဟူသည် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းဖောက်ဖျက်မှု၊ ရာဇဝတ်မှု သို့မဟုတ် မသမာမှုများကြောင့် သတ်မှတ်ထားသော လုပ်ငန်း၊ နိုင်ငံ သို့မဟုတ် အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်ခွင့်၊ သွားလာခွင့် သို့မဟုတ် လုပ်ကိုင်ခွင့် ပိတ်ပင်ခံထားရသည့်စာရင်းတွင် ထည့်သွင်းခံရခြင်းကို ဆိုလိုသည်။**

**ပီပီအိုင်ဘီ**

> **ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင် နေကြသူများမဟုတ်ပါ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရှိသေကြရသူများ ဖြစ်ပါသည်။ နိုင်ငံတော်တွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အဓိက တာဝန်ထမ်းဆောင်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်**

အမည်မည်း (Black List) စာရင်း ထည့်သွင်းခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအပါအဝင် ခရီးထွက်ခွာရာတွင် တားဆီးပိတ်ပင်ခံရခြင်း စသည့် လူသားတစ်ဦး ရသင့်ရှိသင့်သော လူမှုစီးပွားဘဝ မရရှိနိုင်ဘဲ အခွင့်အရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းကို နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန်စွပ်စွဲပြီး သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် လူတချို့က လုပ်ဆောင်ခဲ့ကြသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာ ဝန်ထမ်းများကို အဓိကဦးတည်၍ Civil Disobedience Movement (CDM) ပြုလုပ်စေရန် လှုံ့ဆော်ခဲ့ကြသည်။ လုပ်ငန်းခွင်မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ ၎င်းတို့၏အမြင်တွင် ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်ရောက်ပါက အစိုးရယန္တရား ပျက်ယွင်းမည်ဟူသည့် ယူဆချက်ဖြင့် နည်းမျိုးစုံသုံးကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လက်တွေ့တွင် CDM ဆောင်ရွက်သူ နိုင်ငံ့ဝန်ထမ်းအချို့ရှိခဲ့သော်လည်း မည်သည့်ဝန်ကြီးဌာနမျှ လုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်အတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

အခြေခံလူ့အခွင့်အရေးများအရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။ သို့သော် ထိုလွတ်လပ်မှုများသည် သူတစ်ပါးအား ထိပါး၍ မရပါ။ မသမာသူတချို့က ဒီမိုကရေစီလူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အုပ်စုဖွဲ့၍ အတင်းအကျပ်ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများအထိ ဥပဒေချိုးဖောက်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဖိအားပေးမှုအမျိုးမျိုးအောက်တွင် မိမိစိတ်ဆန္ဒမပါဝင်သော်လည်း ကျရောက်လာနိုင်သည့် အန္တရာယ်များကိုထောက်ချင့်၍ အများနည်းတူ မိုးခါးရေသောက်ကာ CDM ပြုလုပ်ခဲ့ရသော နိုင်ငံ့ဝန်ထမ်းများလည်း ရှိခဲ့ကြပါသည်။

**ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများမဟုတ်ပါ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေကြရသူများ ဖြစ်ပါသည်။ နိုင်ငံတော်တွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။**

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်၍ ဖော်ပြရလျှင် "ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်"ဟု လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ တွင် "ဝန်ထမ်းသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရှိသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန် တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

ထိုသို့သော နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို အကြောင်းအမျိုးမျိုးကြောင့် လိုက်နာမှုမရှိခဲ့ကြသူများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်နိုင်ရန်အတွက် အမည်မည်းစာရင်း(Black List) ထည့်သွင်းကာ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် နှစ်ရာခိုင်နှုန်းခန့်ဖြစ်သည့် တစ်သန်းခန့်သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုများ၊ လုပ်ငန်းလည်ပတ်မှုယန္တရားများ စနစ်တကျခိုင်မာအားကောင်းရန်လိုအပ်ပြီး ပြည်သူများ၏ လိုလားချက်များ၊ လိုအပ်ချက်များကို ချောမွေ့မြန်ဆန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ပြည်သူ့တာဝန်ထမ်းနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော ဝန်ထမ်းယန္တရားတစ်ခုအဖြစ် တံတားကောင်းလျှင် ကောင်းသည့်အလျောက် ကူးသန်းသွားလာရသည်မှာ လွယ်ကူချောမွေ့သည်။

တံတားမကောင်းလျှင် ကူးသန်းသွားလာရာတွင် အခက်အခဲရှိနိုင်သည်။ တစ်နည်းအားဖြင့် အစိုးရနှင့်ပြည်သူတို့ ဆက်ဆံရေးပြေပြစ်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရန် အရေးကြီးသည့်အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ကြရမည်ဖြစ်သည်။

စိတ်ခံစားမှုကိုယ်စီနှင့် ယုံကြည်ချက်၊ ခံယူချက်အပေါ်မူတည်ပြီး စိတ်ခံစားချက်များရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများ ပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာ ဦးစားပေး၍ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့် ချွန်းအုပ်ပြီး ထိန်းချုပ်ကာ မဆောင်ရွက်နိုင်ပါက စစ်မှန်သည့် ကောင်းကျိုးချမ်းသာ ရရှိမည်မဟုတ်ပါ။

**ဒီမိုကရေစီဆိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ၊ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ "လူညီရင် ဉာဏ်ကို ကျွဲဖတ်သည်"ဟူသည့် ပုံစံမျိုးသွား၍မရပေ။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏ အသက်မှာ ရွေးကောက်ပွဲ တရားမျှတရေးပင်ဖြစ်သည်။**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကို မသိကျိုးကျွန်လျစ်လျူရှုပြီး အစိုးရဖွဲ့၍ နိုင်ငံတော်အာဏာကိုရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ်လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သော အခြေအနေဖြစ်ပေါ်လာပြီး မည်သို့မျှ ညှိနှိုင်းအဖြေရှာ၍ မရတော့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးအခင်းအကျင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် တတိယအကြိမ် လွှတ်တော်များကို ခေါ်ယူကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရတစ်ရပ်လည်း ပေါက်ပေါက်လာပြီဖြစ်ကာ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ခိုင်မာစွာ လျှောက်လမ်းနေပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေသည်ကို သိရှိရသည့်အတွက် အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများအား စိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများအား အမည်မည်းစာရင်း(Black Lists)မှ ဖြေလျှော့ပေးလျက်ရှိပါကြောင်း နိုင်ငံတော်အစိုးရအနေဖြင့် သတင်းထုတ်ပြန် ဖိတ်ခေါ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ရရှိအောင် ထိန်းသိမ်းနိုင်ရန်အတွက် အမည်မည်းစာရင်းတွင် ပါဝင်ခဲ့ကြသော်လည်း ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေကြသူများအား အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် အဆိုပါဝန်ထမ်းများအား မိမိတို့ရောက်ရှိနေသည့် အရပ်တွင်ရှိသည့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများ၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ပြန်လည်သတင်းပို့ဆက်သွယ်ကြရန် ၁၂-၇-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ထိုသို့ သတင်းပို့ဆက်သွယ်လာသည့် **ဌာနကင်းကွာဝန်ထမ်း ၇၂၉၄ ဦးကို** အမည်မည်းစာရင်းမှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ အကြောင်းအမျိုးမျိုးဖြင့် ဌာနကင်းကွာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနကင်းကွာမှုအခြေအနေပေါ်မူတည်ပြီး စိစစ်တင်ပြလာပါက အမည်မည်းစာရင်း (Black List) ရေးသွင်းခံထားရခြင်းမှ ပယ်ဖျက်ပေးလျက်ရှိသဖြင့် သတင်းပို့ဆက်သွယ်ရန်ကျန်ရှိနေသူများသည်လည်း အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် သတင်းပို့ဆက်သွယ်ကြရန် ၃၁-၁-၂၀၂၆ ရက်နေ့တွင် ထပ်မံကြေညာချက် ထုတ်ပြန်ထားရှိပါသည်။

**အမည်မည်းစာရင်းတွင် ပါဝင်နေဆဲ ဌာနကင်းကွာဝန်ထမ်းများအနေဖြင့် အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် မိမိတို့ရောက်ရှိရာ အရပ်ဒေသမှတစ်ဆင့် မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် ဌာနများသို့ သတင်းပို့ ဆက်သွယ်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်တင်ပြပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ယခုကဲ့သို့ ထုတ်ပြန်ပေးနေမှုများကိုသိရှိပြီး သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများသို့ အမြန်ဆုံးဆက်သွယ်ကြရန် အမည်မည်းနှင့် အမြဲမနေစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။** ။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဌမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဌမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။**



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များ အနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတက လည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဌမအစည်းအဝေး ဒုတိယနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက က အတည်ပြုချက်ရယူပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဌမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

---

❑ *ကျော်ဖုံးမှ*

ဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့သည် ရှီးဇန့် အရှေ့တောင်ဒေသယဉ်ကျေးမှုပြတိုက် (Southeast Tibet Museum)သို့ ရောက်ရှိကြပြီး ပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြတိုက်၏ နောက်ခံသမိုင်းကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ လူမျိုးစုအလိုက် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေထည်ပစ္စည်းများ၊ လူမျိုးစုများ၏ လူနေမှုဘဝနှင့် ဓလေ့ထုံးတမ်းများ၊ အားကစားနည်းများ၊ သမိုင်းဖြစ်စဉ်များကို အများပြည်သူလေ့လာနိုင်ရေး ပြသထားသည့် ပြခန်းများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုလေ့လာစဉ်။

ရှီးဇန့် အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်သည် တိဘက်ဒေသ အရှေ့တောင်ပိုင်း၏ သမိုင်း၊ ယဉ်ကျေးမှု၊ လူမျိုးစုဓလေ့ထုံးတမ်းများ၊ ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝဂေဟစနစ်ဆိုင်ရာ အချက်အလက်များကို စုစည်းပြသထားသည့် အထင်ကရပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ ရောက်ရှိကြရာ ရန်နီစိမ့်တောမှ တာဝန်ရှိသူတစ်ဦးက စိမ့်တောအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် ရေဝေရေလဲဒေသများ စီမံခန့်ခွဲရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တည်ဆောက်ထားသော သဘာဝလေ့လာရေး လမ်းကြောင်းများ၊ ရှုခင်းကြည့်စင်များ၊ ယာလွန်ဇန်ဘို (Yarlung Tsangpo)မြစ်နှင့် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားစိမ့်တော ဥယျာဉ်သည် ယာလွန်ဇန်ဘိုမြစ်ကမ်းတစ်လျှောက်တွင် တည်ရှိပြီး မြင့်မားသော တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ ရေစိုမြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို သဘာဝအတိုင်း ထိန်းသိမ်းထားရှိသည့် ထင်ရှားသော ဂေဟစနစ်နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ဇူလိုင် ၁၅ ရက်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တုံနန်းပန်းဈေးကွက်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ဈေးကွက်၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ ပန်းမန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချနေမှု လုပ်ငန်းစဉ်များ၊ ပန်းလေလံတင်ရောင်းချသည့်စနစ်၊ အီလက်ထရောနစ်ကုန်သွယ်မှုစနစ်နှင့် နိုင်ငံတကာသို့ ပန်းမန်တင်ပို့ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပန်းအရောင်းပြခန်းများ၊ ပန်းလေလံတင်ခန်းမ၊ ပန်းအရည်အသွေးစစ်ဆေးရေးဌာန၊ ထုပ်ပိုးရေးလုပ်ငန်းများနှင့် ပန်းမန်လုပ်ငန်းတွင် အသုံးပြုနေသည့် ခေတ်မီနည်းပညာများ၊ ဒီဂျစ်တယ်စီမံခန့်ခွဲမှုစနစ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တုံနန်းပန်းဈေးကွက်ကို ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုတွင် ပန်းခင်းဧရိယာ ဧက ၆၀၀၀ ကျော်ရှိကြောင်း၊ တုံနန်းပန်းဈေးကွက်သည် အာရှတွင် အကြီးဆုံးနှင့် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ပန်းလက်လီ/လက်ကားရောင်းဝယ်ရေးဈေးကွက်ဖြစ်ပြီး နှင်းဆီ၊ လီလီ၊ ကာနေးရှင်း၊ သစ်ခွနှင့် အခြားပန်းမျိုးစုံကို နေ့စဉ်ရောင်းဝယ်လျက်ရှိရာ တရုတ်နိုင်ငံအပြင် အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပနှင့် အခြားနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကချင်ပြည်နယ်၌ တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁၈**

၂၀၂၆ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ပြည်နယ် ဘောလုံးကွင်းအတွင်း



စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ဂျိန်ဖော့၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ်စသည့် ကချင်မျိုးနွယ်စုခြောက်မျိုး၊ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းလေ၊ တိုင်းဆာစသည့် ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ၊ ရခိုင်၊ ကရင်၊ ချင်း၊ နာဂစသည့် တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားပြု ဘောလုံးအသင်း ၁၆ သင်းတို့ကို ဘောလုံးများပေးအပ်ကာ ဖွင့်ပွဲအထိမ်းအမှတ် တိုင်းရင်းသား မျိုးနွယ်စုများအလိုက် ရိုးရာတေးသီချင်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဇိုင်းဝါးမျိုးနွယ်စုအသင်းနှင့် တိုင်းလေမျိုးနွယ်စုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၁၈**

မဲပေးစက်များသည် အရေးကြီးသည့် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများနှင့် လာမည့်အထွေထွေရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယနေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ် မှာကြားသည်။



ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မွန်ပြည်နယ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဲပေးစက်များကို လာမည့်ကြားဖြတ်ရွေးကောက်ပွဲနှင့် အထွေထွေရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ထိန်းသိမ်းထားရှိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ဦးကြည်သိန်းတို့လည်း တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မော်လမြိုင်မြို့ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမ၌ ဖွင့်လှစ်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM ) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများနှင့်လည်း သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း၊ ပင်မဆေးသိုလှောင်ဌာန ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၁၈**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးဝင်းအတွင်းရှိ လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း၏ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

ထို့နောက် အလုံမြို့နယ်ရှိ ပင်မ ဆေးသိုလှောင်ရေးဌာနသို့ ရောက်ရှိပြီး ဆေးဝါးများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် အဆိုပါဝင်းအတွင်းရှိ အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိက လိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်အတွက် လိုအပ်သောဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ အလေအလွင့်မရှိစေရေး အစဉ်တစိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတစ်ရုံး၊ ခရိုင်လူမှုဖူလုံရေးရုံးနှစ်ရုံးနှင့် မြို့နယ်လူမှုဖူလုံရေးရုံး ၁၅ ရုံး ဖွင့်လှစ်ထားရှိပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးအကျုံးဝင် အလုပ်ဌာနများ မှတ်ပုံတင်ခြင်း၊ ငွေကြေး အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၄/၂၀၂၄ လမှ ၆/၂၀၂၄ လအထိ ငွေကြေးအကျိုးခံစားခွင့်ငွေပေါင်း ကျပ်သန်း ၂၈၂၂ ဒသမ ၈၉၉ သန်း ခွင့်ပြုထုတ်ပေးပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပဲခူး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ စိန်သာလျောင်းဘုရားဝင်းအတွင်း ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ မယ်ဇယ်၊ ပျဉ်းမနှင့် မဟော်ဂနီ စသည့်ပျိုးပင်ပေါင်း ၁၅၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသား စာကြည့်တိုက်(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ရှိ ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားပြီး မြေညီထပ်(Ground Floor)ရှိ အမှတ်တရပစ္စည်းအရောင်းခန်း၊ CCTV Control Room၊ Data Center၊ Book Stack (စာအုပ်စင်ခန်း)များနှင့် ပြပွဲခန်းမ (Exhibition Hall) တို့ကိုလည်းကောင်း၊ ပထမထပ်ရှိ Multimedia Room၊ Audio Video Room နှင့် Digital Library Room တို့ကို လည်းကောင်း၊ ဒုတိယထပ်ရှိ အထွေထွေစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်းနှင့် ရှားပါးနှင့် ပေ၊ ပုရပိုက်ခန်း တို့ကိုလည်းကောင်း၊ တတိယထပ်ရှိ အထူးစာဖတ်ခန်း (Special Reading Room)၊ မသန်စွမ်းသူများစာဖတ်ခန်း၊ သင်တန်းခန်းမ၊ စာစု၊ စာပြုခန်းများကိုလည်းကောင်း ကြည့်ရှုသည်။

ယင်းနောက် ဘွဲ့လွန်စာကြည့်တိုက် ဒီပလိုမာသင်တန်းသားများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ကလေးစာဖတ်ခန်းနှင့် ပုံပြောခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ ကျွန်းတစ်အုပ်တစ်မ စိုက်ပျိုး

**ညောင်တုန်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် လမ်းဘေး ဝဲ/ယာ ကျွန်းတစ်အုပ်တစ်မ စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့နယ်အတွင်းရှိ ညောင်ဝိုင်းကြီးကျေးရွာနှင့် ရန်ကုန်-ပုသိမ်ကားလမ်းမတစ်လျှောက်၌ စုပေါင်းစိုက်ပျိုးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကျွန်းပင်၁၂၀ နှင့် လူထုဖြန့်ပျိုးပင် မဟော်ဂနီပင် ၁၂၅၀၊ မန်ကျည်းရွာပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၈**

ဇူလိုင် ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(တောင်ကြီး)တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့တွင် နည်းပညာတက္ကသိုလ် (တောင်ကြီး) ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရန်နှင့် အဆောက်အအုံများအား ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(တောင်ကြီး) စာပေနှင့် အနုပညာအသင်းမှ ကျောင်းသားကျောင်းသူများ Music Club ၏ သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ဇူလိုင် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အတူ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) ၌ နည်းပညာ တက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တို့မှ တာဝန်ခံများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးပြီး အဆိုပါ တက္ကသိုလ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# မွန်ပြည်နယ် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၁၈**

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ လှိုင်ရတနာတိုးချဲ့ ကွက်သစ် အိမ်ရာအတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ် / ဒီဂရီကောလိပ်၊ သူနာပြု/ သားဖွားသင်တန်းကျောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက စိန်ပန်းနီ၊ စိန်ပန်းဝါ၊ ရေတမာ၊ ခရေ၊ ငုရွှေဝါ၊ ကံ့ကော်၊ အနန်း၊ ရင်ခတ်၊ ပျဉ်းမစသည့် အပင်ပေါင်း ၁၂၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် မုဒုံမြို့နယ် တာပသွန်ကျေးရွာအုပ်စု ခလောက်ပေါ်ရွာကွင်း ကွင်းအမှတ် -၈၁၆(ခ) ရှိ တိရစ္ဆာန်အစာချက်စက်ရုံနှင့် ရွှေဇီဝမြေသြဇာ ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ကယားပြည်နယ် အသက် ၁၉ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**လွိုင်ကော် ဇူလိုင် ၁၈**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုရအသင်းများ၊ အကောင်းဆုံး အားကစားသမား ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ပြည်နယ် ဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(လွိုင်ကော်)၌ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက လူအင်အား၊ စက်ယန္တရားများဖြင့် ကျောင်းဝင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပင်မဆောင် စာသင်ခန်းများ၊ စာကြည့်တိုက်များနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို လှည့်လည်ကြည့်ရှုပြီး စာအုပ်စာစောင်များ၊ ပရိဘောဂပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို စနစ်တကျ ပြန်လည်သိမ်းဆည်းထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





# ဥတ္တရသီရိမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ငုဝါလှိုင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ နည်းပြများက ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေစသည့် ဥပဒေ/နည်းဥပဒေ၊ ရာဇသတ်ကြီး ရာဇဝတ်ကျင့်ထုံးဥပဒေများကို သင်ကြားပို့ချသွားမည် ဖြစ်သည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၄ ရက် (သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/ Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot. gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) ၀၆၇-၃၄၀၅၀၉၉
- နေပြည်တော်ရုံး ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) ၀၉-၈၅၄၉၂၁၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) ၀၉-၄၃၀၉၆၉၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သူနာပြုနှင့်သားဖွားစွမ်းအားစု - အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရင်းနှီးမြှုပ်နှံမှု

**ဒေါက်တာတင်ထွန်း**
**(ဆေးပညာသင်ကြားရေး)**

*(ယမန်နေ့မှအဆက်)*

ပထမဦးစွာ **"သူနာပြုနှင့် သားဖွားပညာရေး အရည်အသွေးမြှင့်တင်ရေး"** သည် မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ စာတွေ့နှင့်လက်တွေ့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ထားသည့် စွမ်းရည်အခြေပြု (Competency–based Education)ကို အခြေခံ၍ သင်ကြားရေးစနစ်များကို အဆင့်မြှင့်တင်ရမည်ဖြစ်သကဲ့သို့ ပုံစံတူအခြေပြုသင်ယူခြင်း (Simulation–based Learning)၊ နည်းပညာအခြေပြုသင်ယူခြင်း (Digital Learning) နှင့် သက်သေအထောက်အထား အခြေပြုလက်တွေ့ သူနာပြုစုစောင့်ရှောက်မှု (Evidence–based Nursing Practice) တို့ကို ပညာရေးလုပ်ငန်းစဉ်များတွင် ပိုမိုထည့်သွင်းဆောင်ရွက်ရပါမည်။ ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ သူနာပြုနှင့် သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သော အခြေခံအုတ်မြစ် ဖြစ်လာမည် ဖြစ်ပါသည်။

ထို့ကြောင့် သူနာပြု–သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသည် အမျိုးသားပညာရေးအဆင့်မူဘောင်အရ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်ရသည့် အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ခြင်း၊ သူနာပြုပညာရေး အခွင့်အလမ်းများ အနေဖြင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များမှ သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့်တက်လှမ်း သင်ယူနိုင်ခြင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ နိုင်ငံတကာအသိအမှတ်ပြုစံနှုန်း ရှစ်ခုပါဝင်သော သူနာပြုနှင့် သားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ရရှိထားခြင်းစသည့် ခေတ်အဆက်ဆက် သူနာပြုပညာရေး ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် လိုက်လျောညီထွေစွာ နိုင်ငံတော်က သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ပေးခြင်း ဖြစ်ပါသည်။

အဆိုပါ သူနာပြုသိပ္ပံ ၁၅ ခုအပြင် ကျန်ရှိနေသည့် သူနာပြု၊ သားဖွား၊ နီးနွယ် သင်တန်းကျောင်း ၂၇ ကျောင်းကို နိုင်ငံတော်အစိုးရအဖွဲ့သစ်ရက် ၁၀၀ အတွင်း ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ခြင်းသည်လည်း တစ်နည်းအားဖြင့် သူနာပြုနှင့် သားဖွားပညာရေးအရည်အသွေးကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။

ဒုတိယအနေဖြင့် **"စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး"** (Continuing Professional Development)ကို အားကောင်းစွာ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဆေးဘက်ဆိုင်ရာ နည်းပညာနှင့် ကုသရေးစံနှုန်းများသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်အတွက် သူနာပြုနှင့် သားဖွားများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးရမည် ဖြစ်ပါသည်။

သူနာပြုနှင့်သားဖွားပညာရေး၏ သမိုင်းကြောင်းအရ မြန်မာ့အက်ဥပဒေ(၁၀) (Burma Act X. 1922) ကို ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး သားဖွားနှင့်သူနာပြုဆိုင်ရာကောင်စီ ဖွဲ့စည်းခြင်း၊ သားဖွားနှင့် သူနာပြုပညာရပ်ဆိုင်ရာ သင်တန်းများနှင့် သင်တန်းကျောင်းများကို အသိအမှတ်ပြုခြင်း၊ သူနာပြုနှင့်သားဖွားများအား မှတ်ပုံတင်ခြင်းနှင့် အရည်အသွေးထိန်းချုပ်ခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိနိုင်ပါသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သူနာပြုသိပ္ပံ(နေပြည်တော်)။

၁၉၈၆ ခုနှစ်မတိုင်မီ အတွင်းလူနာပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးရုံဗဟိုပြုသင်ကြားရေးနည်းစနစ်မှ အဆင့်ဆင့်ပြောင်းလဲလာပြီးနောက် ၁၉၉၁ ခုနှစ်၌ သင်ရိုးညွှန်းတမ်းကို ပြည်သူလူထုဗဟိုပြုသည့်စနစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၈ ခုနှစ်တွင် ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများဖြင့် ခေတ်နှင့်လျော်ညီစွာ သင်ကြားလေ့ကျင့်ပေးနိုင်ခြင်းသည် သူနာပြုနှင့် သားဖွားများ၏ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်လာသည့် ဂုဏ်ယူစရာသမိုင်းမှတ်တိုင်များ ဖြစ်ကြပါသည်။

ထို့ပြင် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီသည် သူနာပြုနှင့်သားဖွားများ၏ အရည်အသွေးကို ခေတ်စနစ်နှင့်အညီ မြှင့်တင်ရန်အတွက် ယခင်ကျင့်သုံးခဲ့သော စဉ်ဆက်မပြတ်ပညာရေး(CNE) အဆင့်မှသည် ပိုမိုကျယ်ပြန့်ပြီး အလုံးစုံလွှမ်းခြုံနိုင်သော စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း တိုးတက်ပြောင်းလဲမှုလုပ်ငန်းစဉ် (Continuing Professional Development – CPD)စနစ်သို့ အဆင့်မြှင့်တင်၍ တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ သူနာပြုနှင့် သားဖွားများအား မိမိတို့၏ လုပ်ငန်းခွင်သက်တမ်းတစ်လျှောက် ပညာရပ်ပိုင်းဆိုင်ရာကို ခေတ်နှင့်လျော်ညီစေရန် (Up–to–date ဖြစ်စေရန်)နှင့် ပြည်သူလူထုအား ကမ္ဘာ့အဆင့်မီ စံနှုန်းမြင့်မားပြီး ဘေးကင်းစိတ်ချရသော ပြုစုစောင့်ရှောက်မှု (Safe and Quality Care) ပေးနိုင်ရန် ထိန်းကျောင်းပေးနေခြင်း ဖြစ်ပါသည်။

တတိယအနေဖြင့် **"သူနာပြုနှင့် သားဖွားခေါင်းဆောင်မှု"** (Nursing Leadership)ကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ ခေတ်သစ်ကျန်းမာရေးစနစ်တွင် သူနာပြုနှင့်သားဖွားများသည် ကျန်းမာရေးဆိုင်ရာ မူဝါဒချမှတ်ရေး၊ အရည်အသွေးစီမံခန့်ခွဲရေး၊ သုတေသနနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဦးဆောင်နိုင်သည့် ခေါင်းဆောင်များအဖြစ် ဖွံ့ဖြိုးလာရန် လိုအပ်လာပါသည်။ အနာဂတ်သူနာပြုနှင့် သားဖွားခေါင်းဆောင်များအား စနစ်တကျပြုစုပျိုးထောင်ခြင်းသည် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတကာအသိအမှတ်ပြု ဖလောရင့်နိုက်တင်ဂေးလ်ဆုရရှိထားသည့် မြန်မာနိုင်ငံမှ သူနာပြုနှင့် သားဖွား လေးဦးအား ၂၀၂၃ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ကို လည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌအား ၂၀၂၅ ခုနှစ်တွင် သိပ္ပံကျော်စွာဘွဲ့ကို လည်းကောင်း၊ ဂုဏ်ပြုထိုက်သော သူနာပြုနှင့်သားဖွားများအား စွမ်းဆောင်မှုဆိုင်ရာအလိုက် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း နိုင်ငံတော်မှ ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိပါသည်။ အဆိုပါ သူနာပြုနှင့် သားဖွားများအား စံနမူနာထားပြီး ထူးချွန်ထက်မြက်၍ ပြည်သူအတွက် စွန့်လွှတ်အနစ်နာခံနိုင်ကြသော၊ ဦးဆောင်နိုင်ကြသော သူနာပြုနှင့် သားဖွားမျိုးဆက်သစ်များအား လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကောင်းကို ဖော်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။

စတုတ္ထအနေဖြင့် **"သုတေသနနှင့် ဆန်းသစ်တီထွင်မှု"** (Research and Innovation)ကို အားပေးမြှင့်တင်ရပါမည်။ သက်သေအထောက်အထား အခြေပြု သူနာပြုနှင့် သားဖွားပညာရပ်ဆိုင်ရာ လက်တွေ့လုပ်ဆောင်မှု (Evidence–based Nursing and Midwifery Practice) သည် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံဖြစ်သည့်အတွက် သုတေသနယဉ်ကျေးမှုကို မြှင့်တင်ပြီး သုတေသနရလဒ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။




တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများ။

သူနာပြုနှင့်သားဖွားများ သုတေသနလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလိုင်စင် သက်တမ်းတိုးရာ၌ လိုအပ်သော သတ်မှတ်အမှတ် (CPD Credit Units) ပြည့်မီအောင် စုဆောင်းနိုင်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီမှ သူနာပြုနှင့် သားဖွားများအား သုတေသနအလေ့အထနှင့် အကျွမ်းတဝင်ဖြစ်အောင် ချိတ်ဆက်ပေးနေခြင်းဖြစ်ပါသည်။

ထို့ပြင် **"ဒစ်ဂျစ်တယ်ကျန်းမာရေး"** (Digital Health)သည် အနာဂတ်ကျန်းမာရေးစနစ်၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်ကိုလည်း အလေးဂရုပြုရမည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုမြန်ဆန်၊ တိကျပြီး အရည်အသွေးကို ပိုမိုမြှင့်တင်ပေးနိုင်စေရန် အီလက်ထရွန်နစ် လူနာမှတ်တမ်း (Electronic Medical Record)၊ တယ်လီကျန်းမာ (Telehealth)၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)၊ Big Dataနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် သူနာပြုစုမှုမှတ်တမ်းတင်ခြင်း (Digital Nursing Documentation) တို့ကို အသုံးပြုနိုင်သည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို တည်ဆောက်နိုင်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ (CPD) လှုပ်ရှားမှုများတွင် ဤဒစ်ဂျစ်တယ် စွမ်းရည်မြှင့်တင်မှုကို ပူးတွဲဖော်ဆောင်ခြင်းဖြင့် အနာဂတ်မြန်မာ့သူနာပြုနှင့်သားဖွားများသည် ခေတ်မီနည်းပညာကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် သူနာပြုနှင့် သားဖွားများ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင် ကောင်းမွန်ရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ စိတ်ကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ လုံခြုံပြီး ဂုဏ်သိက္ခာရှိသော လုပ်ငန်းခွင်သည် အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားများအား ရေရှည်ထိန်းသိမ်းထားနိုင်သည့် အခြေခံအချက်တစ်ချက်ဖြစ်ပြီး ကျန်းမာရေးစနစ်၏ တည်ငြိမ်မှုကိုလည်း အထောက်အကူပြုစေမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းသူနာပြုများအတွက်လည်း ထမ်းဆောင်ရသည့် တာဝန်များနှင့် တိုးတက်လာသော သူနာပြုပညာရေးအပေါ် မူတည်ပြီး ချီးမြှင့်ပေးခြင်း၊ ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ပေးခြင်း၊ ထပ်ဆောင်းချီးမြှင့်ငွေများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်နေသည့် **"ကျန်းမာရေးစွမ်းအားစု အဆောက်အအုံ"** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချ ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

**အနာဂတ်ကျန်းမာရေးစနစ်ကို ဦးဆောင်မည့်**
**သူနာပြုနှင့်သားဖွားစွမ်းအားစု၏ မျှော်မှန်းချက်**

သူနာပြုနှင့် သားဖွားစွမ်းအားစု တည်ဆောက်ရေးသည် ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၊ နည်းပညာ၊ သုတေသန၊ ခေါင်းဆောင်မှုနှင့် မူဝါဒများကိုတစ်ပြိုင်တည်း ပေါင်းစပ်အကောင်အထည်ဖော်ရမည့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့စနစ်တကျ ရင်းနှီးမြှုပ်နှံတည်ဆောက်ထားသော သူနာပြုနှင့် သားဖွားစွမ်းအားစုသည် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်၍ ပြည်သူဗဟိုပြု၊ အရည်အသွေးမြင့်မားပြီး ရေရှည်တည်တံ့သော လူတိုင်းလက်လှမ်းမီ ရယူနိုင်သည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခိုင်မာစွာ ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့်ပင် သူနာပြုနှင့် သားဖွားပညာရေးသည် စာသင်ခန်းအတွင်း သင်ကြားပေးခြင်းကို ကျော်လွန်၍ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ သုတေသနစွမ်းရည်၊ ဆက်သွယ်ရေးကျွမ်းကျင်မှု၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အကျင့်စာရိတ္တခိုင်မာမှုတို့ဖြင့် တစ်ပြိုင်တည်း ပြုစုပျိုးထောင်ပေးနေပြီဖြစ်ပါသည်။ အရည်အသွေးမြင့် သူနာပြုနှင့် သားဖွားများသည် ခေတ်မီတိုးတက်နေသည့် ပညာရပ်များကို *စာမျက်နှာ ၁၁ သို့*

**❝ သူနာပြုနှင့် သားဖွားပညာရေးသည် စာသင်ခန်းအတွင်း သင်ကြားပေးခြင်းကို ကျော်လွန်၍ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ သုတေသနစွမ်းရည်၊ ဆက်သွယ်ရေး ကျွမ်းကျင်မှု၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အကျင့်စာရိတ္တခိုင်မာမှုတို့ဖြင့် တစ်ပြိုင် တည်း ပြုစုပျိုးထောင်ပေးနေပြီဖြစ်ပါသည်။ အရည်အသွေးမြင့် သူနာပြုနှင့် သားဖွားများသည် ခေတ်မီတိုးတက်နေသည့် ပညာရပ်များကို ကျွမ်းကျင်ရမည့်အပြင် လူသားများ၏ ဂုဏ်သိက္ခာ နှင့် လူသားချင်းစာနာမှုကို အမြဲဦးစားပေးသည့် ပညာရှင်များအဖြစ် ဖွံ့ဖြိုးလာရမည်ဖြစ် ❞**

# မကွေးတိုင်းဒေသကြီး ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မကွေး ဇူလိုင် ၁၈**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ PUBG Mobile Company နှင့် ရုပ်ရှင်သရုပ်ဆောင် နေထူးနိုင်တို့၏ ကူညီထောက်ပံ့မှုတို့ဖြင့် ကျင်းပသော မကွေးတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုဖလား အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ အလှူရှင်ရုပ်ရှင်သရုပ်ဆောင် နေထူးနိုင်က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အလှူရှင်နှင့်အတူ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** ပြိုင်ပွဲပထမပွဲစဉ်အဖြစ် ပခုက္ကူခရိုင်နှင့် မကွေးခရိုင်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါအခြေခံပညာကျောင်းပေါင်းစုံအမျိုးသား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ အုပ်စု နှစ်စု ခွဲ၍ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ်၌ (၁၈)ဖြာ မင်္ဂလာနှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်

**ချောင်းဆုံ ဇူလိုင် ၁၈**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုက ကြီးမှူးကျင်းပသော (၇၆) ကြိမ်မြောက် (၁၈)ဖြာ မင်္ဂလာနှင့်ဗုဒ္ဓဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ချောင်းဆုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို သာသသနာ့ဗိမာန်၌ ယနေ့ကျင်းပရာ ကျောင်းတိုက်ဆရာတော်၊ မြို့နယ် YMBA အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# ဖလမ်းမြို့တွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့တွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခုတင် (၂၀၀)ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံကြီးသို့သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များပါဝင်သည့် စုပေါင်းအင်အား ၃၅၂ ဦးဖြင့် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ဒေါက်တာနီခွဲလမ်းတစ်လျှောက်



လမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ခရိုင်၊ မြို့နယ်ရုံးပတ်ဝန်းကျင်နှင့် ပြည်သူ့ဆေးရုံ၊ သူနာပြု သင်တန်းကျောင်းပတ်ဝန်းကျင်တို့ကို တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးပြီး**(အောက်ဝဲပုံ)** နံနက်စာစားသောက်ဖွယ်ရာများ ကျွေးမွေးကာ တစ်ဦးချင်း ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားသည်။

ဖလမ်းမြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ၊ အဆောက်အအုံများကိုဘာသာရေးခေါင်းဆောင်များ၊သင်းအုပ်ဆရာ သိက္ခာတော်ရဆရာတော်များ၊ မြို့မိမြို့ဖများ၊ နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့ကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခုတင်(၂၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံဝင်းအတွင်း လူအား၊ စက်အားများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အဆောက်အအုံအစိတ်အပိုင်းများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဖျက်သိမ်းရမည့် အဆောက်အအုံများမှ ပြန်လည်အသုံးပြုနိုင်သော ဆယ်တင်ပစ္စည်းများဖြစ်သည့် သွပ်များ၊ သစ်သားများ၊ သံပန်း၊ သံတံခါးများ၊ တံခါးပြတင်းရွက်များ၊ ကျည်းပေါင်များ၊ ရေသန့်နှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိရန် လမ်းညွှန်မှာကြားသည်။

ဖလမ်းမြို့တွင် ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်၍ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်း ၈၄ ဦးဖြင့် ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ လူနာပေါင်း ၁၅၅၄ ဦးအား ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ပေါ်ရှိ ဒေသခံများသာမက ကျေးရွာများမှ ဒေသခံပြည်သူများပါ လာရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များတွင် မြို့နယ်ပြည်သူ့ဆေးရုံများဖွင့်လှစ်၍ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၈၅ ဦးဖြင့် လူနာပေါင်း ၁၄၁၂၄ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး နိုင်ငံတော်မှ ထောက်ပံ့သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ကျွမ်းကျင်ရမည့်အပြင် လူသားများ၏ ဂုဏ်သိက္ခာနှင့် လူသားချင်းစာနာမှုကို အမြဲဦးစားပေးသည့် ပညာရှင်များအဖြစ် ဖွံ့ဖြိုးလာရမည်ဖြစ်ပါသည်။

ထို့ပြင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံရသော အခက်အခဲများကို သက်သေအထောက်အထား အခြေပြုဖြေရှင်းနိုင်သည့် ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်နိုင်မှသာ ကျန်းမာရေးစောင့်ရှောက်မှုများ၏ အရည်အသွေးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနများ ပြုလုပ်နိုင်ပြီး သုတေသနရလဒ်များကို လက်တွေ့တွင်အသုံးချနိုင်သည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို ပိုမိုမွေးထုတ်ပေးခြင်းသည် အနာဂတ်အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုပင် ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာမှုသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုမြန်ဆန်၊ တိကျပြီး လက်လှမ်းမီစေသော်လည်း နည်းပညာသည် သူနာပြုနှင့် သားဖွားများ၏ လူသားဆန်သော စောင့်ရှောက်မှုကို မည်သို့မှ အစားထိုးနိုင်မည်မဟုတ်ပါ။ လူနာတစ်ဦး၏ နာကျင်မှုကို နားလည်ပေးနိုင်ခြင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်နိုင်ခြင်းနှင့် မိသားစုဝင်များနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခြင်းတို့သည် မည်သည့်နည်းပညာကမျှ အစားထိုး၍ မရနိုင်သည့် သူနာပြုနှင့် သားဖွားများ၏ တန်ဖိုးအရှိဆုံးသော အရည်အသွေးများ ဖြစ်ကြပါသည်။

ထို့ကြောင့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို တည်ဆောက်ခြင်းသည် ကျန်းမာရေးကဏ္ဍအတွက်သာမဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်၊ ပြည်သူတို့၏ လူနေမှုဘဝနှင့် မျိုးဆက်သစ်များ၏ အရည်အသွေးကို တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း အလေးအနက် ယုံကြည်မိပါသည်။

**မွန်မြတ်သောဂုဏ်သိက္ခာနှင့် ကျင့်ဝတ်**

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းသည်လည်း အပါအဝင်ဖြစ်ရာ တိုင်းတာလေ့ရှိပြီး သူနာပြုနှင့် သားဖွားစွမ်းအားစုသည် အရည်အသွေးမြင့်မားသော ကျန်းမာရေးစနစ်ကို ဒေါက်တိုင်ပြုထားသည့် **ကျန်းမာရေးစနစ်၏ အခြေခံအုတ်မြစ်** ဖြစ်ပါသည်။ သူနာပြုစုခြင်းသည် ရောဂါကုသပေးခြင်းထက် လူနာနှင့်မိသားစုအပေါ် စာနာနားလည်မှု၊ ကျန်းမာရေး အသိပညာပေးမှုနှင့် လူသားချင်းစာနာမှုတို့ကို အခြေခံသည့်အတွက် **မွန်မြတ်သောဂုဏ်သိက္ခာနှင့် ကျင့်ဝတ်**ရှိသည့် သက်မွေးဝမ်းကျောင်းပညာ ဖြစ်ပါသည်။

ထို့ပြင် ခေတ်သစ်ကျန်းမာရေး စိန်ခေါ်မှုများနှင့် နည်းပညာပြောင်းလဲမှုများကို ကျော်လွှားနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားများအား စဉ်ဆက်မပြတ်လုံလောက်စွာ မွေးထုတ်ပေးပြီး ၎င်းတို့၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းသည် **မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်း**အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

သူနာပြုနှင့် သားဖွားစွမ်းအားစု တည်ဆောက်ခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပညာရေး၊ သုတေသန၊ လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့များအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည့် **အမျိုးသားရေးတာဝန်**တစ်ရပ် ဖြစ်ပါသည်။ "ပြည်သူလူထုအား ဗဟိုပြု၍ ကျန်းမာရေးကို တည်ဆောက်မည်၊ သူနာပြုနှင့် သားဖွားအင်အားစုအား ဗဟိုပြု၍ ကျန်းမာရေးစနစ်ကို အားကောင်းစေမည်"ဟူသော ခံယူချက်ကို ထားရှိရန်လည်း လိုအပ်ပါမည်။

ထိုမှုမက သူနာပြုနှင့် သားဖွားတို့၏ စေတနာ၊ မေတ္တာနှင့် စာနာမှုတို့ကို မည်သည့်အဆင့်မြင့်နည်းပညာနှင့်မျှ အစားထိုး၍ မရနိုင်သော **ထာဝရတန်ဖိုးဖြစ်ခြင်း**ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် **"သူနာပြုနှင့်သားဖွား စွမ်းအားစုအဆောက်အအုံ"**ကို အမျိုးသားရေးဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် အားဖြည့်တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကျန်းမာရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် စုပေါင်းအင်အားဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**(မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့် အနစ်နာခံ၍ တာဝန်ထမ်းဆောင်နေကြသော သူနာပြုနှင့်သားဖွားများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။)**

## ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ**

## မီတာခ သုံးဆကျော်မြင့်တက်သွားသဖြင့် မြေပြင်အခြေအနေအမှန်ကို ဖော်ထုတ်စေလို

**သို့**
**အယ်ဒီတာခင်ဗျာ**

ကျွန်တော်သည် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်အိမ်ရာ စီ(C)ဘလောက်တွင်နေထိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် မီတာစာရွက်ရရှိ၍ ကြည့်ရာတွင် ဧပြီ၊ မေလများက မီတာခ ကျပ်၆၀၀၀ ကျော်ပေးဆောင်ခဲ့ရသော်လည်း မီတာဖတ်ခဲ့သော ဇူလိုင် ၃ ရက်၏ ခတ်အားခ တောင်းခံလွှာ ပေးပို့သည့် ယနေ့ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျပ် ၂၁၀၀၀ ကျော် တောင်းခံထားပါသည်။

စီ(C)ဘလောက်တိုက်တန်းနေ ပြည်သူများအားလုံး ယခင်လထက် မီတာခမြင့်တက်သွားခဲ့ပြီး ဝန်ထမ်းတိုက်ခန်းများသည်လည်း မီတာခ သုံးဆကျော် တက်သွားခဲ့ပါသည်။ ပြီးခဲ့သည့်လက မီတာခ ကျပ် ၁၁၀၀၀ ကျော်ကျသည့် ဝန်ထမ်းအခန်းသည် ယခုဓာတ်အားခ တောင်းခံလွှာ၌ ကျပ် ၆၇၀၀၀ ကျော်နေပါသည်။ ယခင်လ အပါအဝင် ယခုလတွင်လည်း လျှပ်စစ်မီးပြည့်ဝစွာမရရှိဘဲ စီဘလောက် ဝန်ထမ်းတိုက်ခန်း၌ လျှပ်စစ်မော်တာစက်ချုပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ အဖျော်ယမကာဆိုင်၊ အလှပြင်ဆိုင်၊ စျေးဆိုင်၊ ဆေးဆိုင်နှင့် အခြားစီးပွားရေးလုပ်ငန်းများမရှိသော ဝန်ထမ်းအခန်းများ ဓာတ်အားခတောင်းခံလွှာ တိုးမြှင့်ကောက်ခံမှုအပေါ် ပြန်လည်ကြည့်ရှုစစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် အယ်ဒီတာထံပေးစာမှတစ်ဆင့် တင်ပြအပ်ပါသည်။

**အောင်သန်းဦး(ရန်ကုန်)**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

❍ *ကျောဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**

❋ *ကျောဖုံးမှ*

ဇူလိုင် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦး၊ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပုစွန်မွေးတောင်သူများအား ရေချိုပုစွန်တုပ်ကြီး သက်လတ်ကောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပန်းချယ်ရီပင်၊ လက်ဖက်ပင်၊ ကုန်းမြင့်ကော်ဖီပင် စုစုပေါင်း ၄၅၅ ပင်တို့ကို ဆေးရုံကုန်းရိပ်သာ(၂) မြို့တွင်းလမ်းဘေးဝဲယာနှင့် မြို့အဝင်တို့တွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**

# ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် လယ်ယာကုန်စည် - ပဲပုပ်


ဒေါက်တာ မောင်အောင်


လက်ရှိလယ်ယာကုန်စည်များအနက် ပဲပုပ် (soy bean) သည် ထုတ်လုပ်မှုပမာဏအရလည်းကောင်း၊ အသုံးဝင်မှုအရလည်းကောင်း၊ ပထဝီနိုင်ငံရေး ထိန်းညှိပေးနိုင်သည့် ကုန်စည်အဖြစ်လည်းကောင်း စသဖြင့် ဘက်စုံအရေးပါမှုကြောင့် ကမ္ဘာ့နိုင်ငံများက အထူးစိတ်ဝင်စားကြပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ပဲပုပ်သည် ကမ္ဘာ့လူသားများအတွက် အာဟာရဓာတ်ပြည့်သည့် အစားအစာ၊ မွေးမြူရေးလုပ်ငန်းများအတွက် အဓိက တိရစ္ဆာန်အစားအစာ၊ ဇီဝလောင်စာဆီထုတ်လုပ်ပေးနိုင်သည့်လယ်ယာကုန်စည်ဖြစ်သည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် အများဆုံးတင်ပို့နေသည့် အမေရိကန်နှင့် အများဆုံးဝယ်ယူနေသည့် တရုတ်နိုင်ငံအကြား ပါဝါထိန်းညှိရေးအတွက် အရေးပါသည့် ကုန်စည်ဖြစ်နေခြင်းကြောင့်လည်း အခြားကုန်စည်များထက် အရေးပါမှုများလာနေခြင်းဖြစ်သည်။

### ကမ္ဘာ့ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအခြေအနေ

ပဲပုပ်ကို ဘက်စုံအသုံးပြုနိုင်မှုကြောင့် ကမ္ဘာ့စိုက်ပျိုးရေးအင်အားကြီးနိုင်ငံများက အထူးအလေးထားစိုက်ပျိုးသည့် လယ်ယာသီးနှံတစ်ခုဖြစ်ပြီး အရေးပါသည့် ဆီထွက်သီးနှံဖြစ်သလို မွေးမြူရေးလုပ်ငန်းများအတွက် အဓိကအစားအစာဖြစ်သည့်အပြင် ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့်အတွက် လောင်စာဆီအခက်အခဲများသည့် ယခုလိုကာလများတွင် ပဲပုပ်၏အရေးပါမှု ပိုမိုများလာနေခြင်းဖြစ်သည်။

လက်ရှိပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေကိုကြည့်လျှင် တောင်အမေရိကနိုင်ငံများက အဓိကထုတ်လုပ်နေပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်သူ ဘရာဇီးနိုင်ငံက ၂၀၂၅ ခုနှစ်တွင် ပဲပုပ်မက်ထရစ်တန်ချိန် သန်း ၁၈၀ ဝန်းကျင်၊ ဒုတိယအများဆုံးမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး တန်ချိန် သန်း ၁၂၀ ကျော်နှင့် အာဂျင်တီးနားနိုင်ငံက တတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ကာ ကမ္ဘာ့ထုတ်လုပ်မှုအနေဖြင့် တန်ချိန် သန်း ၄၄၁ တန်ကျော်ဖြစ်သည့်အတွက် ယခင်နှစ်များထက် စံချိန်တင်မြင့်မားခဲ့ပါသည်။

အာရှနိုင်ငံများ၏ ပဲပုပ်စိုက်ပျိုးသည့်ဧရိယာမှာ ဟက်တာသန်း ၁၉ သန်းဝန်းကျင်ရှိပြီး ကမ္ဘာ့စုစုပေါင်းဧရိယာ၏ ၂၀ ရာခိုင်နှုန်း (၅ ပုံ ၁ ပုံ) သာရှိပါသည်။ ကမ္ဘာ့ပဲပုပ်ဈေးကွက်တွင် ဝယ်လိုအားအခြေအနေကို လေ့လာမည်ဆိုလျှင် အများဆုံးဝယ်ယူနေသူမှာ တရုတ်နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် ကမ္ဘာ့ပဲပုပ် စုစုပေါင်းပို့ကုန်၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့်အတွက် တရုတ်၏ဈေးကွက်အခြေအနေက ကမ္ဘာ့ပဲပုပ်ဈေးနှုန်းကို အဓိကပြဋ္ဌာန်းလေ့ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို အာရှနိုင်ငံများက စားသုံးနေကြပြီး တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ စိုက်ပျိုးထုတ်လုပ်မှုက အများဆုံးဖြစ်သော်လည်း ပြည်တွင်းဝယ်လိုအား (လိုအပ်ချက်) များသောကြောင့် တင်သွင်းနေရဆဲဖြစ်သည်။

### ပဲပုပ် ပိုမိုအရေးပါရသည့် အကြောင်းရင်းများ

ကမ္ဘာ့လယ်ယာကုန်စည်ဈေးကွက်တွင် ပဲပုပ်၏ အရေးပါမှု ပိုမိုကြီးထွားလာရသည့် အခြေခံအကြောင်းရင်းမှာ ပဲပုပ်သည် အာဟာရဓာတ်ပြည့်ဝသည့်အတွက် အခြေခံစားသောက်ကုန်ဖြစ်သလို မွေးမြူရေးလုပ်ငန်းများအတွက်လည်း အဓိကအစားအစာဖြစ်သည့်အပြင် ယခုအချိန်တွင် တစ်ကမ္ဘာလုံးလောင်စာဆီ အခက်အခဲကြုံတွေ့နေရသည့်အချိန်တွင် ပဲပုပ်သည် ဇီဝလောင်စာဆီ ပြုလုပ်နိုင်သည့်အတွက် အရေးပါလာခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုတွင် အရေးအကြီးဆုံးဖြစ်သည့်အတွက် မဟာဗျူဟာမြောက်သည့်ကုန်စည် (သို့မဟုတ်) နိုင်ငံရေးကုန်စည် ဖြစ်လာသည့်အတွက် ပိုမိုအရေးပါနေခြင်းဖြစ်သည်။

ထူးခြားသည့်အချက်မှာ တစ်ကမ္ဘာလုံး စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ စားသုံးမှုပုံစံပြောင်းလဲလာမှုတွင်လည်း ပို၍တိုးတက်လာမှုကြောင့် အရည်အသွေးမြင့် ကုန်စည်များ - အသား၊ ငါး၊ နို့ထွက်ပစ္စည်းများ စသည်တို့ကို ပိုမိုသုံးစွဲလာသောကြောင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုထွန်းကားလာမှုနှင့်အတူ ပဲပုပ်၏လိုအပ်ချက် (ဝယ်လိုအား) ကို စဉ်ဆက်မပြတ် တိုးပွားစေခြင်းဖြစ်သည်။

ပဲပုပ်ကို စားသောက်ကုန်အဖြစ် ဆီကြိတ်ခြင်းဖြင့် ပဲပုပ်ဆီအဖြစ် သုံးစွဲနိုင်သလို ထပ်ဆင့်ပြုပြင်ခြင်းဖြင့် တို့ဖူး၊ ပဲပုပ်နို့၊ ပုန်းရည်ကြီး စသည်ဖြင့် ပဲပုပ် အခြေခံစားသောက်ကုန်များ၊ ပဲပုပ်ကို ခွဲခြမ်းပြီး တိရစ္ဆာန်အစားအစာအဖြစ်၊ ပဲပုပ်ကို ထပ်ဆင့်ပြုပြင်ကြိုချက်ခြင်းဖြင့် ဇီဝလောင်စာဆီအဖြစ် ပြောင်းလဲအသုံးချနိုင်ပါသည်။

ပဲပုပ်ကို ဘက်စုံအသုံးပြုနိုင်သော်လည်း

> ❑ **အနာဂတ်ကာလတွင် ပဲပုပ်အသုံးပြုမှုသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ယခုထက် ပိုမိုကြီးမားလာမည်ဖြစ်၍ မူလထုတ်လုပ်မှု အပိုင်းနှင့် တန်ဖိုးမြင့်တက်မှုအပိုင်းများ၊ အကျုံးဝင်သည့်စီမံကိန်းကို ပံ့ပိုးမှုများ၊ တွန်းအားများ၊ ဆွဲဆောင်မှုများဖြင့် ရေးဆွဲအကောင်အထည် ဖော်မည်ဆိုလျှင် ပြည်တွင်းလိုအပ်ချက်များကိုသာမက ပြည်ပသို့ တင်ပို့ နိုင်သည့်အဆင့်သို့ ရောက်ရှိနိုင်မည်**

လက်တွေ့အားဖြင့် အသုံးချနေမှုကို လေ့လာမည်ဆိုလျှင် ကမ္ဘာ့ပဲပုပ်ပမာဏ၏ ၇၀ ရာခိုင်နှုန်းကျော်ကို တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ ၁၈ ရာခိုင်နှုန်းခန့်ကို ပဲပုပ်ဆီနှင့်ဇီဝလောင်စာဆီအဖြစ်လည်းကောင်း၊ ၇ ရာခိုင်နှုန်းခန့်ကို ပဲပုပ် အခြေခံစားသောက်ကုန်များ (တို့ဖူး၊ ပဲနို့) အဖြစ်လည်းကောင်း၊ ကျန် ၃ ရာခိုင်နှုန်းခန့်ကို မျိုးနှင့် အခြားအနေဖြင့်လည်းကောင်း အသုံးပြုနေပါသည်။ ခြုံ၍ဆိုရသော် ပဲပုပ်အရေးပါလာရသည့် အဓိကအကြောင်းရင်းမှာ စီးပွားရေးဖွံ့ဖြိုးလာမှုကြောင့် ကမ္ဘာတစ်ဝန်း မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ မွေးမြူရေးအစားအစာ အဓိကကုန်ကြမ်းဖြစ်သည့် ပဲပုပ်အသုံးပြုမှု ပိုမိုများလာခြင်းဖြစ်သည်။

### မဟာဗျူဟာမြောက်ကုန်စည်

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ကုန်သွယ်မှုကို ကြည့်မည်ဆိုလျှင် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံက ဆက်တိုက်ပိုငွေပြ ကုန်သွယ်မှုရှင်းတမ်းရှိခဲ့သော်လည်း အမေရိကန်ကမူ တောက်လျှောက်လိုငွေရှိခဲ့သည်။ ထို့ကြောင့် ဒေါ်နယ်ထရန့် သမ္မတဖြစ်လာသည့် ၂၀၁၈ - ၂၀၂၀၊ ယခု ၂၀၂၅ - ၂၀၂၈ ကာလများတွင် ကုန်သွယ်မှုအပေါ် ကန့်သတ်ပိတ်ပင်သည့် နည်းလမ်းဖြင့် ကုန်သွယ်မှု စစ်ပွဲလုပ်ဆောင်လေ့ရှိပြီး ယခုအချိန်တွင်မူ "အမေရိကန်ပထမ" ခေါ်သည့် မူဝါဒဖြင့် တရုတ်နိုင်ငံကိုသာမက ကုန်သွယ်ဘက် နိုင်ငံအားလုံးအပေါ် အခြေခံနှုန်း ၁၀ ရာခိုင်နှုန်းကောက်ခံသည့် ကုန်သွယ်မှုမူဝါဒဖြင့် အမေရိကန်၏ ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းတိုးတက်လာရေးအတွက် လုပ်ဆောင်နေသည့် ကာလဖြစ်သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံတို့၏ ကုန်သွယ်မှုတွင် ပဲပုပ်၏အရေးပါမှုမှာ ပဲပုပ်ကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့သူမှာ အမေရိကန်ဖြစ်သလို အများဆုံးတင်သွင်းသူမှာ တရုတ်နိုင်ငံဖြစ်သည့်အတွက် အဆိုပါကုန်သွယ်မှုသည် နှစ်နိုင်ငံအကြား အခွန်အကောက်များ စည်းကြပ်ရာတွင် အရေးပါသည့်အချက်ဖြစ်လာခဲ့သည်။ အမေရိကန်အနေဖြင့်လည်း ပဲပုပ်စိုက်ပျိုးသည့် လယ်သမားများ၏ နစ်နာဆုံးရှုံးမှု မရှိစေရန် အထူးလိုအပ်ရာ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်မှ ပဲပုပ်တင်သွင်းမှုကို ဈေးဆစ်နိုင်သည့် ပါဝါအဖြစ် အသုံးပြုနေသည့်အတွက် ပထဝီနိုင်ငံရေးသီးနှံလည်းဖြစ်ပါသည်။

### ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် အလားအလာ

ကမ္ဘာ့ဈေးကွက်တွင် ပဲပုပ်ဝယ်လိုအားများလာမှုကြောင့် ၂၀၀၀ ပြည့်နှစ်အလွန်ကာလများတွင် ပဲပုပ်ထုတ်လုပ်မှု သိသိသာသာတိုးတက်မှုရှိခဲ့သလို ကုန်သွယ်မှုမှာလည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်ပေါင်း ၂၅ နှစ်အတွင်း ဆယ်ဆဝန်းကျင် တိုးတက်လာမှုကြောင့် လယ်ယာသီးနှံများတွင် တိုးတက်မှုနှုန်း အများဆုံးလည်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် အများဆုံး ၆၀ ရာခိုင်နှုန်းကျော် ဝယ်ယူတင်သွင်းနေသည့် တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှုမှာ ၂၅ နှစ်အတွင်း သိသိသာသာ တိုးတက်နေကြောင်း တွေ့ရပါသည်။

**တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှု**

| ခုနှစ် | မက်ထရစ်တန်(သန်း) |
|---|---|
| ၂၀၀၀ | ၁၂ |
| ၂၀၀၅ | ၂၇ |
| ၂၀၁၀ | ၅၅ |
| ၂၀၁၅ | ၈၂ |
| ၂၀၂၀ | ၁၀၀ |
| ၂၀၂၄ | ၁၀၅ |
| ၂၀၂၅ | ၁၁၀ |

Source; Global Soy Bean Market

ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုတွင် အဓိကတင်ပို့သူများမှာ ဘရာဇီး၊ အမေရိကန်ပြည်ထောင်စု၊ အာဂျင်တီးနား၊ ပါရာဂွေး၊ ဩစတြေးလျစသည်တို့က အများဆုံးထုတ်လုပ်တင်ပို့နေသလို အများဆုံးတင်သွင်းသူများမှာ တရုတ်၊ ဥရောပသမဂ္ဂ၊ မက္ကဆီကို၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလာဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ စသည်တို့ဖြစ်ပြီး အာရှနိုင်ငံများ၏ ဝယ်ယူတင်သွင်းမှုတိုးပွားနေသည်ကို တွေ့ရပါသည်။

### မြန်မာ့ပဲပုပ် စိုက်ပျိုးထုတ်လုပ်မှုနှင့် အလားအလာ

မြန်မာနိုင်ငံတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုမှာ အခြားသော အဓိကလယ်ယာသီးနှံများ (ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း) စသည်တို့နှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေပြီး အကြမ်းဖျင်းအားဖြင့် စိုက်ဧက ၃ ဒသမ ၄ မှ ၃ ဒသမ ၆ သိန်းဝန်းကျင်သာရှိပါသည်။ ထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန် (၂ ဒသမ ၀ မှ ၂ ဒသမ ၃) သိန်းဝန်းကျင်ရှိနေသေးကာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်စွမ်းနိုင်မှုမရှိသေးဘဲ တင်သွင်းနေရဆဲဖြစ်သည်။

ယေဘုယျအားဖြင့် ပဲပုပ်စေ့တင်ပို့မှု အနည်းငယ်ရှိသော်လည်း တိရစ္ဆာန်အစားအစာကိုမူ လိုအပ်ချက်၏ ထက်ဝက်ဝန်းကျင်ခန့် တင်သွင်းနေရဆဲဖြစ်သည်။ လက်ရှိအခြေအနေတွင် ပဲပုပ်ကို အများဆုံးစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး စုစုပေါင်း၏ ထက်ဝက်ခန့်စိုက်ပျိုးထုတ်လုပ်နေကာ ရောဝတီ၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး စသည့်ဒေသများတွင်လည်း စိုက်ပျိုးပါသည်။

စိုက်ပျိုးသည့်ပုံစံမှာ မိုးရာသီစိုက်ပျိုးမှုကို စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့် ပြုလုပ်နေပြီး ဆောင်းသီးနှံအဖြစ် ၆၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးပါသည်။ အခြားသီးနှံများနှင့် ရောနှော၍ သီးညှပ်အဖြစ်လည်း အချို့စိုက်ပျိုးပါသည်။ ပဲပုပ်၏ဈေးနှုန်းမှာ (ပြည်တွင်း၊ ပြည်ပ) အခြားသောပဲများ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ) နှိုင်းယှဉ်လျှင် နိမ့်ကျသောကြောင့် လယ်သမားများ၏ စိတ်ဝင်စားမှုနည်းနေပါသေးသည်။

လက်ငင်းကာလများအတွင်း (၂၀၂၆ ခုနှစ်) ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုမှာ အခြားသောသီးနှံများနှင့် နှိုင်းယှဉ်လျှင် သက်သာမှုရှိပြီး နေရာဒေသအလိုက် တစ်ဧကလျှင် ကျပ်သုံးသိန်းခွဲမှ ငါးသိန်းအထိရှိကာ စုစုပေါင်းဝင်ငွေအနေဖြင့် အထွက်ပေါ်မူတည်၍ ကျပ် ၇ သိန်းမှ ၁၀ သိန်းအထိ ပျမ်းမျှရရှိနေသောကြောင့် တစ်ဧကပျမ်းမျှအမြတ်အနေဖြင့် ကျပ်သုံးသိန်းမှ ငါးသိန်းဝန်းကျင်ခန့်မှန်းပါသည်။ ထူးခြားသည့်အချက်မှာ အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ပိုရှိခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေတွင် စားသုံးဆီလိုအပ်ချက်ရှိနေသေးသလို တိရစ္ဆာန်အစာအတွက် ပဲပုပ်ဖတ်များကိုလည်း လိုအပ်ချက်၏ ထက်ဝက်ခန့် တင်သွင်းနေရဆဲဖြစ်သည့်အတွက် ပဲပုပ်များ ယခုထက်သိသိသာသာ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ ထို့အတွက်လည်း ပဲပုပ်ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP) ဖြင့် ထိရောက်သည့်ပံ့ပိုးမှုများဖြင့် လုပ်ဆောင်သင့်ပါသည်။

ပဲပုပ်တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများတွင် မိမိတို့အနေဖြင့် မိရိုးဖလာမျိုးကိုသာ အသုံးပြုနေဆဲဖြစ်၍ အထွက်နှုန်းနိမ့်ကျနေခြင်းက အထွက်ပမာဏကိုသာမက ပြည်တွင်းပြည်ပဈေးနှုန်းယှဉ်ပြိုင်မှုတွင် များစွာအားနည်းပါသည်။ ယေဘုယျအားဖြင့် လက်ရှိမြန်မာ့အစဉ်အလာမျိုးက တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀ ဝန်းကျင်သာထွက်ရှိသော်လည်း တရုတ်နိုင်ငံမျိုး၊ ဘရာဇီးမျိုးများမှာ တင်း ၈၀ ကျော်အထိ ထွက်ရှိသောကြောင့် ပမာဏများသလို ဈေးနှုန်းယှဉ်ပြိုင်မှုပါဝါ မြင့်မားပါသည်။

ဒုတိယအချက်မှာ ထုတ်လုပ်သည့်နေရာမှ ဈေးကွက်အရောက် သယ်ယူပို့ဆောင်ရာတွင် သယ်ပို့ထောက်ပံ့စရိတ် မြင့်လာနေခြင်းကလည်း ယှဉ်ပြိုင်နိုင်မှုကို လျော့ကျစေပါသည်။ လယ်သမားများ၏ စိတ်ဝင်စားမှုမှာလည်း အခြားပဲမျိုးစုံများထက် လျော့ကျနေသည့်အတွက် လယ်သမားများကို ပဲပုပ်စိုက်ပျိုးရေး ပိုမိုပြုလုပ်လာစေရန် လက်တွေ့ကျသည့်ပံ့ပိုးမှုများနှင့် သရုပ်ပြမှုများ ပိုမိုပြုလုပ်ရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အနာဂတ်ကာလတွင် ပဲပုပ်အသုံးပြုမှုသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ယခုထက် ပိုမိုကြီးမားလာမည်ဖြစ်၍ မူလထုတ်လုပ်မှုအပိုင်းနှင့် တန်ဖိုးမြင့်တက်မှုအပိုင်းများ၊ အကျုံးဝင်သည့်စီမံကိန်းကို ပံ့ပိုးမှုများ၊ တွန်းအားများ၊ ဆွဲဆောင်မှုများဖြင့် ရေးဆွဲအကောင်အထည်ဖော်မည်ဆိုလျှင် ပြည်တွင်းလိုအပ်ချက်များကိုသာမက ပြည်ပသို့တင်ပို့နိုင်သည့်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**


-CSO: Central Statistical Organization, Statistical Year Book, 2025

-Global Soybean Market: Origins Trade Flow and Price Driver, April 2023

-OECD-FAO: Agricultural Outlook (2025-2034), https://www.openmarketfao.org

-Hactar Global-https://www.hactarglobal.com

-USDA:Foreign Agricultural Service, https://www.fas.usda.gov.org

## အိန္ဒိယ၌ ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထား စတင်ပြေးဆွဲ




**နယူးဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရထားကို ဇူလိုင် ၁၇ ရက်တွင် စတင်မိတ်ဆက် ပြေးဆွဲခဲ့သည်။ ကာဗွန်ကင်းစင်သော လူမှုအဖွဲ့အစည်း တည်ဆောက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုတိုးချဲ့ရန် ရည်ရွယ်၍ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါရထားကို မြောက်ပိုင်း ဟရိယာဏာပြည်နယ်၌ စတင်ပြေးဆွဲခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ တက်ရောက်ခဲ့သည်။ ယင်းစီမံကိန်းကို အစိုးရဖက်စပ်ကုမ္ပဏီတစ်ခုနှင့် ပုဂ္ဂလိကရထားထုတ်လုပ်ရေး လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရထား၏ လောင်စာဆဲလ်များသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ ပေါင်းစပ်ဓာတ်ပြုခြင်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု မရှိကြောင်း သိရသည်။ အဆိုပါရထားသည် ခရီးသည် ၂၆၀၀ အထိ အများဆုံး တင်ဆောင်နိုင်ကြောင်း အော်ပရေတာက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ချုံချင့်မြို့ မြေပြိုမှုအပြီး ပြန်လည်ထူထောင်ရေးအတွက် ယွမ်သန်း ၃၀ ခွဲဝေချထား

**ပေကျင်း ဇူလိုင် ၁၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်မြို့၌ မြေပြိုမှုဖြစ်ပွားပြီးနောက် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဗဟိုဘတ်ဂျက်မှ ယွမ်သန်း ၃၀ ကို ခွဲဝေချထားပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ဇူလိုင် ၁၈ ရက်တွင် ကြေညာခဲ့သည်။

ဖန်ရွှေမြောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်နှင့် တူကျားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တို့တွင် ဇူလိုင် ၁၇ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူအများ ပျောက်ဆုံးခြင်းနှင့် ပိတ်မိခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယင်းဖြစ်စဉ်အပြီးတွင် သဘာဝဘေးကာကွယ်ရေး၊ လျော့ပါးရေးနှင့် ကယ်ဆယ်ရေးအမျိုးသားကော်မရှင်က အဆင့် (၄) သဘာဝဘေးကယ်ဆယ်ရေးအရေးပေါ်တုံ့ပြန်မှုကို စတင်ဆောင်ရွက်ခဲ့သည်။ ခွဲဝေချထားသည့် ရန်ပုံငွေများကို သဘာဝဘေးသင့်ဒေသများ၌ အများပြည်သူဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်ရေးနှင့် အခြေခံ အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

**ဆင်ဟွာ**

## ဂျာမနီ၏ နှစ်စဉ်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် မြင့်တက်

**ဘာလင် ဇူလိုင် ၁၈**

ဂျာမနီနိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ် တိုးတက်လာခဲ့ပြီး ယင်းမှာ နှစ် ၂၀ ကျော်အတွင်း နှစ်စဉ်ထုတ်လုပ်မှု မြင့်တက်လာခြင်း ပထမဆုံးအကြိမ်လည်းဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဂျာမနီနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့စိမ်း ၄ ဒသမ ၅ ဘီလီယံ ကုဗမီတာ ထုတ်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းမှာ ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ထုတ်လုပ်မှုတိုးတက်လာခြင်းဖြစ်ကြောင်း လိုဝါဆက်ဆိုနီပြည်နယ် သတ္တုတွင်း၊ စွမ်းအင်နှင့် ဘူမိဗေဒ အာဏာပိုင်အဖွဲ့ (LBEG) ၏ ၂၀၂၅ ခုနှစ် သဘာဝဓာတ်ငွေ့နှင့် ရေနံထုတ်လုပ်မှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအရ သိရသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ယင်းပြည်နယ်တွင် အဓိကထုတ်လုပ်နေပြီး ဒေသ၏ ထုတ်လုပ်မှုမှာ ဂျာမနီနိုင်ငံ စုစုပေါင်း ထုတ်လုပ်မှု၏ ၉၈ ရာခိုင်နှုန်းရှိသည်။ တစ်ဖက်တွင် ရေနံစိမ်းထုတ်လုပ်မှုမှာ ဆက်လက်ကျဆင်းနေပြီး ၂၀၂၅ ခုနှစ်အတွင်း ၄ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း LBEG က ဖော်ပြထားသည်။

လက်ရှိတွင် ဂျာမနီနိုင်ငံ၏ ပြည်တွင်းရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် နိုင်ငံ၏စွမ်းအင်လိုအပ်ချက် ငါးရာခိုင်နှုန်းခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ချီလီ၌ မုန်တိုင်းကြောင့် နေအိမ် ၈၀၀ ကျော် ပျက်စီး

**ဆန်တီယာဂို ဇူလိုင် ၁၈**

ချီလီနိုင်ငံ ဒေသ ၁၆ ခုအနက် ၁၀ ခုတွင် အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လူသုံးဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကာ နေအိမ် ၈၀၀ ကျော် ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် ဇူလိုင် ၁၆ ရက်မှစတင်တိုက်ခတ်ခဲ့ပြီး သီတင်းပတ်ကုန်အထိ ဆက်လက်တည်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ အထိ လေပြင်းများတိုက်ခတ်ခဲ့ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ အမိုးများပျက်စီးခြင်း၊ သစ်ပင်များလဲကျခြင်းနှင့် လမ်းပိတ်ဆို့ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတစ်ဝန်း လူပေါင်းလေးသိန်းခန့်မှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း စွမ်းအင်ဝန်ကြီး ဇီမီနာရင်ကွန်က ပြောကြားသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်တွင် ယခုနှစ်အတွင်း ကော်ဇောတင်ပို့မှု မြင့်တက်

**ကဘူးလ် ဇူလိုင် ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း လက်လုပ်ကော်ဇော စတုရန်းမီတာ ၇၆၀၀၀၀ ကျော်ကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏမှာ ယခင်နှစ်များထက် တိုးမြင့်လာခြင်း ဖြစ်ကြောင်း စီးပွားရေးရာဆိုင်ရာ ဒုတိယဝန်ကြီးချုပ်ရုံးက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

ကော်ဇောလုပ်ငန်းသည် နိုင်ငံတစ်ဝန်း လူပေါင်း တစ်သန်းနီးပါးကို အလုပ်အကိုင်ပေးထားပြီး ရိုးရာပို့ကုန်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ကြောင်း အဆိုပါရုံးက ထုတ်ပြန်ထားသည်။

ကော်ဇောအများစုကို ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ တင်ပို့လျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

■





## ဗီယက်နမ်မြောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးဦးသေဆုံး

**ဟန္နိုင်း ဇူလိုင် ၁၈**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လိုင်ချောင်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လေးဦးမှာ ပျောက်ဆုံးနေကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၁၈ ရက်တွင် ဖော်ပြထားသည်။

သဘာဝဘေးကြောင့် နေအိမ် ၁၃ လုံး ပျက်စီး၍ နေအိမ် ၁၀၀ နီးပါးမှာ မြေပြိုမှုအန္တရာယ်နှင့် ဆက်လက်ရင်ဆိုင်နေရပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ၊ ကောက်ပဲသီးနှံများ၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများနှင့် ဓာတ်အားလိုင်းများပျက်စီးခဲ့ပြီး စီးပွားရေးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅ သန်း ခန့်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

လက်ရှိတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပျောက်ဆုံးနေသူများကို ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များကို နေရာအသီးသီးတွင် ဖြန့်ကြက်ချထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗင်နီဇွဲလားငလျင်ကြောင့် သေဆုံးသူ ၅၀၆၉ ဦးအထိ မြင့်တက်

**ကာရာကတ်စ် ဇူလိုင် ၁၈**

ဗင်နီဇွဲလားနိုင်ငံ၌ ဇွန် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူ စုစုပေါင်း ၅၀၆၉ ဦးအထိ မြင့်တက်လာကြောင်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဂျော့ရိုဒရီဂွက်ဇ်က ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

ငလျင်ကြောင့် ဒဏ်ရာရရှိသူ အရေအတွက်မှာ ၁၆၇၄၀ ဦးရှိပြီး လူပေါင်း ၆၄၆၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ရိုဒရီဂွက်ဇ်က ကိုယ်ပိုင်တယ်လီဂရမ်၌ လွှင့်တင်ထားသည်။

လူပေါင်း ၂၁၂၃၅ ဦးမှာ ဗင်နီဇွဲလားနိုင်ငံ မြို့တော်ကာရာကတ်စ်နှင့် အလယ်ပိုင်း လာဂွာအီရာ၊ မီရန်ဒါနှင့် အာရာဂွာပြည်နယ်တို့ရှိ ယာယီစခန်း ၁၀၇ ခုတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ ပြင်းအား ၇ ဒသမ ၂ နှင့် ၇ ဒသမ ၅ အဆင့်ရှိ ငလျင်များ လှုပ်ခတ်ခဲ့ပြီးနောက် သီတင်းပတ်သုံးခုကျော်အတွင်း နောက်ဆက်တွဲ ငလျင် ၁၃၃၁ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း အာဏာပိုင်များက မှတ်တမ်းတင်ထားသည်။

**ဆင်ဟွာ**

## နော်ဝေ၌ မီးလောင်မှုကြောင့် လူ ၄၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**အော်စလို ဇူလိုင် ၁၈**

နော်ဝေနိုင်ငံ မြို့တော်အော်စလို၏ အနောက်တောင်ဘက် ၄၀ ကီလိုမီတာခန့်အကွာ ဒရမ်မန်မြို့နယ်၌ ကြီးမားသည့်မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၀၀ ကျော် ပျက်စီးပြီး လူပေါင်း ၄၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဒေသတွင်းအာဏာပိုင်များက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။ နေအိမ်တစ်လုံးတွင် ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက မီးစတင်လောင်ခဲ့ပြီး အိမ်နီးချင်း နေအိမ်များနှင့် အနီးအနားရှိ သစ်တောနယ်မြေများသို့ လျင်မြန်စွာကူးစက်လောင်ခဲ့သည်။

**ဆင်ဟွာ**

# ကလေးများအတွက် အစားအသောက်ဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေး၏ အရေးပါမှု

**တစ်နှစ်တာ၏ ကျောင်းဖွင့်စရာသီသို့ ရောက်လာချေပြီ။ ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် မိသားစုတစ်စု၏ အနာဂတ်သာမက နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံကျသောအချက်တစ်ရပ် ဖြစ်သည်။**

*အိလဲ့ဝင်းကြိုင်*

ကျောင်းနေအရွယ်ကလေးများသည် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်၊ စတိုးဆိုင်များမှ မုန့်မျိုးစုံ၊ အချိုရည်များနှင့်အသင့်စား အစားအသောက်များကို အလွယ်တကူ ဝယ်ယူစားသုံးလာကြသည်။ ထိုထုတ်ကုန်များအနက် အချို့သည် အရည်အသွေး မပြည့်မီခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်ခြင်း သို့မဟုတ် စံချိန်စံညွှန်းနှင့် မကိုက်ညီခြင်းတို့ကြောင့် ကလေးများ၏ ကျန်းမာရေးကို ရေရှည်တွင် ထိခိုက်စေနိုင်သည်။

ကလေးများသည် ကလေးသဘာဝ အရောင်အသွေးတောက်ပသော မုန့်များ၊ ချိုမြိန်သော အချိုရည်များနှင့် ဆွဲဆောင်မှုရှိသော ထုပ်ပိုးမှုများကို သဘောကျတတ်ကြသည်။ ထုတ်လုပ်သူအချို့က ရောင်းအားတက်စေရန်နှင့်အမြတ်အစွန်းပိုမိုရရှိစေရန် ရည်ရွယ်၍ အရောင်တင်ပစ္စည်းများ၊ အနံ့အရသာမြှင့် ပစ္စည်းများ၊ တာရှည်ခံဆေးများ သို့မဟုတ် အရည်အသွေးမမီသော ပါဝင်ပစ္စည်းများကို ထည့်သွင်းအသုံးပြုတတ်ကြသည်။ ယင်းကဲ့သို့သော အစားအသောက်များကို ရေရှည်စားသုံးခြင်းသည် အသည်း၊ ကျောက်ကပ်၊ အာရုံကြောစနစ်နှင့် ကိုယ်ခံအားစနစ်တို့ကို ထိခိုက်စေနိုင်သည့်အပြင် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းအပေါ်ပါ ဆိုးကျိုးသက်ရောက်နိုင်သည်။

> ❑ **ဥပဒေတစ်ရပ်ရှိရုံဖြင့် စားသုံးသူကာကွယ်ရေး အပြည့်အဝရရှိမည် မဟုတ်ပါ။ ဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ခြင်း၊ စားသုံးသူအသိပညာမြှင့်တင်ခြင်းနှင့် လုပ်ငန်းရှင်များ၏ လူမှုတာဝန်ယူမှုကို အားပေးခြင်းတို့ ပေါင်းစပ်ဆောင်ရွက်မှသာ အန္တရာယ်ကင်းသော စားသုံးမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်**
>
> ❑ **ကလေးများ၏ ကျန်းမာရေးသည် နိုင်ငံ၏အနာဂတ်ဖြစ်သည်။ ယနေ့ ကလေးတစ်ဦး စားသုံးသောအစားအသောက်သည် မနက်ဖြန် ထိုကလေး၏ ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို ဆုံးဖြတ်ပေးနိုင်သည်။ ထို့ကြောင့် ဈေးနှုန်းနှင့် ထုပ်ပိုးမှုပုံစံကိုသာ အခြေခံ၍ မရွေးချယ်ဘဲ ဘေးကင်းရေး၊ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှုကို ဦးစားပေးရွေးချယ်သင့်**

နိုင်ငံတကာတွင်လည်း အစားအသောက်ဘေးကင်းရေး ချို့ယွင်းမှုကြောင့် ကလေးများ၏ အသက်နှင့် ကျန်းမာရေး ထိခိုက်ခဲ့သည့် ဖြစ်ရပ်များ စွာရှိခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် အာရှနိုင်ငံတစ်နိုင်ငံ၌ ကလေးငယ်များအတွက် ထုတ်လုပ်သည့် နို့မှုန့်အချို့တွင် ပရိုတင်းပါဝင်မှုကို မြင့်မားနေသည်ဟု လိမ်လည်ပြသနိုင်ရန် မယ်လမင်းဟု ခေါ်သော စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းတစ်မျိုးကို တရားမဝင်ထည့်သွင်း အသုံးပြုခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ကလေးငယ်အများအပြား ကျောက်ကပ်ရောဂါများ ခံစားခဲ့ရပြီး အသက်ဆုံးရှုံးမှုများလည်း ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်သည် အစားအသောက်ဘေးကင်းရေး စည်းမျဉ်းစည်းကမ်းများကို ကမ္ဘာတစ်ဝန်း ပိုမိုတင်းကျပ်စေခဲ့သည့် အရေးပါသော သင်ခန်းစာတစ်ရပ်ဖြစ်ခဲ့သည်။

အလားတူပင် ကဖိန်းဓာတ် အလွန်မြင့်မားစွာပါဝင်သော အားဖြည့်အချိုရည်များကို ကလေးများနှင့် ဆယ်ကျော်သက်များ သောက်သုံးခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သေဆုံးသည်အထိ ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များလည်း နိုင်ငံတကာတွင် အများအပြား တွေ့ရှိခဲ့ရသည်။ ၂၀၁၂ ခုနှစ်က မြောက်အမေရိကတိုက်ရှိ နိုင်ငံတစ်နိုင်ငံတွင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် Energy Drink တစ်မျိုးကို သောက်သုံးပြီးနောက် နှလုံးရောဂါဖြင့် သေဆုံးခဲ့ပြီး သူ၏ မိသားစုသည် ကုမ္ပဏီကို တရားစွဲဆိုခဲ့သည်။ ထိုဖြစ်ရပ်များနောက်ပိုင်းတွင် အားဖြည့်အချိုရည်များ၏ ဘေးကင်းရေး၊ ပါဝင်ပစ္စည်းများနှင့် အရွယ်မရောက်သေးသူများအား ရောင်းချမှုအပေါ် စည်းမျဉ်းများကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ကို ပြဋ္ဌာန်းထားသည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊ စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရန်၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးမှုများ၊ ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာမှုရှိစေရေးအတွက် အပြန်အလှန်ပူးပေါင်းကူညီဆောင်ရွက်ရန်နှင့်စားသုံးသူတို့ကို ဘေးအန္တရာယ်ဖြစ်စေသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးနိုင်ရန်ဖြစ်သည်။

ဥပဒေအရ စားသုံးသူများတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများကို ရွေးချယ်အသုံးပြုခွင့်ရှိသကဲ့သို့ ထုတ်လုပ်သူနှင့် ရောင်းချသူများတွင်လည်း ထုတ်ကုန်၏ပါဝင်ပစ္စည်းများ၊ သက်တမ်းကုန်ဆုံးရက်၊ အသုံးပြုပုံနှင့် သတိပြုရန်အချက်များကို မှန်ကန်တိကျစွာ ဖော်ပြပေးရန် တာဝန်ရှိသည်။ စားသုံးသူကို လှည့်ဖြားခြင်း၊ အရည်အသွေးမပြည့်မီသောကုန်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် အန္တရာယ်ရှိသော အချက်အလက်များကို ဖုံးကွယ်ထားခြင်းတို့သည် ဥပဒေအရ အရေးယူခံရနိုင်သောလုပ်ရပ်များ ဖြစ်သည်။

သို့ရာတွင် လက်တွေ့ဘဝ၌ အမည်မသိမုန့်များ၊ အရည်အသွေးမသေချာသော အားဖြည့်အချိုရည်များနှင့် သုံးစွဲစားသောက်ရန် အညွှန်းမပြည့်စုံသော အစားအသောက်များကို ကျောင်းပတ်ဝန်းကျင်နှင့် ဈေးကွက်အချို့တွင် တွေ့မြင်နေရဆဲဖြစ်သည်။ ဈေးနှုန်းသက်သာခြင်းကြောင့် ရွေးချယ်ဝယ်ယူကြသော်လည်း ထုတ်လုပ်ရာအရင်းအမြစ်၊ သန့်ရှင်းရေးစံနှုန်းနှင့် ပါဝင်ပစ္စည်းများကို အတည်ပြုရန် ခက်ခဲသဖြင့် ကလေးများ၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည်။

ထို့ကြောင့် ကလေးများ၏ အစားအသောက်ဘေးကင်းရေးသည် အစိုးရတစ်ရပ်တည်း၏ တာဝန်မဟုတ်ဘဲ ထုတ်လုပ်သူများ၊ ရောင်းချသူများ၊ ကျောင်းများ၊ မိဘများနှင့် စားသုံးသူအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခု ဖြစ်သည်။

မိဘများအနေဖြင့် ကလေးများအား အစားအသောက် တံဆိပ်ဖတ်ရှုနည်း၊ သက်တမ်းကုန်ဆုံးရက် စစ်ဆေးနည်းနှင့် အရည်အသွေးမသေချာသော ထုတ်ကုန်များကို ရှောင်ကြဉ်တတ်စေရန် လေ့ကျင့်ပေးသင့်သည်။ ကျောင်းများအနေဖြင့် ကျောင်းဝင်းအတွင်း ရောင်းချသည့် အစားအသောက်များကို စိစစ်ကြပ်မတ်သင့်ပြီး သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုများကို မကြာခဏ ရှောင်တခင်စစ်ဆေး ဆောင်ရွက်စေလိုပါသည်။

ဥပဒေတစ်ရပ်ရှိရုံဖြင့် စားသုံးသူကာကွယ်ရေး အပြည့်အဝရရှိမည် မဟုတ်ပါ။ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း၊ စားသုံးသူအသိပညာမြှင့်တင်ခြင်းနှင့် လုပ်ငန်းရှင်များ၏ လူမှုတာဝန်ယူမှုကို အားပေးခြင်းတို့ ပေါင်းစပ်ဆောင်ရွက်မှသာ အန္တရာယ်ကင်းသော စားသုံးမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည် ဖြစ်သည်။

ကလေးများ၏ ကျန်းမာရေးသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည်။ ယနေ့ ကလေးတစ်ဦး စားသုံးသောအစားအသောက်သည် မနက်ဖြန် ထိုကလေး၏ ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို ဆုံးဖြတ်ပေးနိုင်သည်။ ထို့ကြောင့် ဈေးနှုန်းနှင့် ထုပ်ပိုးမှုပုံစံကိုသာ အခြေခံ၍ မရွေးချယ်ဘဲ ဘေးကင်းရေး၊ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှုကို ဦးစားပေး ရွေးချယ်သင့်သည်။ စားသုံးသူကာကွယ်ရေးကို အလေးထားခြင်းသည် ကလေးများကို သာမက နိုင်ငံ၏အနာဂတ်ကိုပါ ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သည်။ ။

## ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်



**ကျိုက်ထို ဇူလိုင် ၁၈**

ကျိုက်ထိုမြို့နယ်၌ လူငယ်စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ရာပြည့်ခန်းမ)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာသန်းနှင့် စာပေချစ်သူများအသင်းအဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူလေးဦးက အကျင့်စာရိတ္တကောင်းသောလူငယ်နှင့် တောက်ပသောအနာဂတ်၊ လူငယ်များအတွက် အောင်မြင်မှုဆီသို့နှင့် ဆုံးရှုံးမှုတိုင်းဟာ အရှုံးမဟုတ်ဘူး၊ နောင်တရမှာမကြောက်ပါနဲ့၊ လူငယ်များရဲ့ ရွှေရောင်မနက်ဖြန် စသည့်ခေါင်းစဉ်များ ဆွေးနွေးပြီး တက်ရောက်လာကြသူများက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော



**မိုင်းဆတ် ဇူလိုင် ၁၈**

မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၆ ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ (အလက-၂)၌ ကျင်းပရာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာရွှေက ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုလျှော့ချရေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်အကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စု(၃)မှ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးသန်းဇော်ဦးက လူငယ်နှင့် အောင်မြင်ရေးနှင့် မူးယစ်တပ်ဖွဲ့စု (၂၉)မှ ရှောင်ရှားကာကွယ်မူးယစ်ဆေးဝါးအန္တရာယ်နှင့် စသည့်ခေါင်းစဉ်များဖြင့် ဟောပြောသည်။

ယဉ်ယဉ်ဝင်း (ပြန်/ဆက်)

# ခရမ်းမြို့နယ် အထက (ကွမ်းမိုးဒိန်း)၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကောက်ယူခြင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက (ကွမ်းမိုးဒိန်း) ကျောင်းခန်းမ၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် UID ကောက်ယူခြင်းတို့ကို ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန သန်လျင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးသူက နိုင်ငံသားကတ်ကိုင်ဆောင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု၊ မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်/ပြောင်းထွက် လုပ်ငန်းတို့၏ အရေးပါပုံတို့နှင့်အတူ ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြုပြင်ခြင်းနှင့် ပျောက်ဆုံးပျက်စီးမှုများ ရှိပါက သက်ဆိုင်ရာဦးစီးဌာနသို့ ဆက်သွယ်ပြုလုပ်နိုင်ကြောင်းနှင့် နိုင်ငံသားကတ်၏ တန်ဖိုးနားလည်စေရန်နှင့် ဌာနမှ biometric လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရမ်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကွင်းဆင်း အားပေးကြည့်ရှုခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

# မုဒုံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း



**မော်လမြိုင် ဇူလိုင် ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ယမန်နေ့က မုဒုံမြို့နယ် ရွှေဟသာ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆုရရှိသူများအား ပြည်နယ်ဥပဒေချုပ်၊ ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဥပဒေချုပ်က သင်တန်းသားများ ကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရယူသည့် တောင်သူများအား ကျပ်သိန်း ၁၄၀၀ ကျော်ထုတ်ချေး

**မင်းဘူး ဇူလိုင် ၁၈**

မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေအတွက် ဆိုလာရေတင်ပန့် တပ်ဆင်မည့် ဒေသခံတောင်သူများအတွက် ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ထုတ်ချေးပေးရာ တောင်သူ ၁၄ ဦးအတွက် ငွေကျပ် သိန်း ၁၄၂၁ ဒသမ ၃၀ ကို ထုတ်ချေးခဲ့ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မြို့နယ်တာဝန်ခံ ဦးစိုးညွှန့်လင်းက ပြောကြားသည်။ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ယနေ့အထိ တောင်သူ စုစုပေါင်း ၁၉၈ ဦးအား ချေးငွေကျပ်သန်းပေါင်း ၁၂၄၇ ဒသမ ၂၈၀ သန်းအထိ ထုတ်ချေးပေးခဲ့ပြီး ဧက ၁၇၈၇ ဒသမ ၅၀ တွင် ဆိုလာရေတင်စနစ်ဖြင့် သီးနှံများကို တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ပြီဖြစ်သည်။




**မောင်မောင်(မင်းဘူး)**

# မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က အဆိုပါရုံး၌ကျင်းပရာ မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာ သိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**တံတားဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က ငါးဇင်ရိုင်းကျေးရွာ အနုဓမ္မစာရီဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတိုက်ကြည်နှင့် ဒေါ်လွဲ့လွဲ့ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦး ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးအုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများက ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ရဲတင့်(ပြန်/ဆက်)**



ကယားပြည်နယ် ဒီးမော့ဆိုခရိုင်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ကယားပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၃ ရက်က ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းနိုင် အမှာစကား ပြောကြားစဉ်။ ကျော်မိုး




သန်လျင်မြို့နယ် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က သန်လျင်မြို့ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၌ ပြုလုပ်ရာ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရန်မျိုးအောင်နှင့်တက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ သန်းဝင်း(သန်လျင်)

# အိမ်မဲမြို့၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကျင်းပ

**အိမ်မဲ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကွင်းကလေးကျေးရွာအုပ်စု ပရိုက်ကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကား ပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်၊ အိမ်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦး၊ မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးတိုးဝေတို့က ကွင်းကလေးကျေးရွာအုပ်စု ပရိုက်ကျေးရွာမှ ပြည်သူများအား မြေငှားဂရန်များကို ပေးအပ်ခဲ့ကြသည်။ အခမ်းအနားသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အဆိုပါ ကျေးရွာမှ မြေငှားဂရန်လျှောက်ထားသူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**



# သာယာဝတီမြို့နယ်၌ မြို့သာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သာယာဝတီ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ ပြည်သူ့ဆေးရုံဝင်းနှင့် လမ်းဘေးဝဲ/ယာရှိ ပေါင်းမြက်များနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရှင်းလင်းပြီး အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## ဇမ္ဗူသီရိမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး



နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသည့် အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငုဝါရွှေက အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးမျိုးကိုကိုက အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

နီလာ(ပြန်/ဆက်)

## ပုလောမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

ပုလော ဇူလိုင် ၁၈

ပုလောမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့က ပုလောမြို့မအားကစားကွင်း၌ ကျင်းပရာ မကျည်းကုန်းကျေးရွာအသင်းနှင့် အမှတ်(၅) အသင်းတို့ ယှဉ်ပြိုင်ကြပြီး မကျည်းကုန်းကျေးရွာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် အနိုင်ရရှိသော အသင်းအား ပလောက်တပ်နယ်မှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့ကြသည့် အားကစားသမားများအား လည်ဆွဲဆုနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီး၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေး



တိုက်ကြီး ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝတ်ရည်ဦးက ခွေးမှတစ်ဆင့် လူကိုကူးစက်တတ်သော ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းအကြောင်းအရာများ၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေး မဖြစ်မနေထိုးရန် လိုအပ်ပုံနှင့် ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ရေနံချောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ရေနံချောင်း ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် ဇူလိုင် ၁၅ ရက်က အခြေခံပညာအထက်တန်းကျောင်း (လည်ပေါ်)ရှိ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၅ ကျောင်းတို့မှ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၂၄၄၉ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ချိုမီအောင်(ပြန်/ဆက်)**

## မှော်ဘီ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၈**

မှော်ဘီမြို့နယ်၌ ဇူလိုင် ၁၇ ရက်က မှော်ဘီ အမှတ်(၄)လမ်းဆုံတွင် မော်တော်ဆိုင်ကယ် မောင်းနှင်သူ ၈၁ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး ဟောပြောခြင်းများ ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းဟောပြောခြင်းအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတင်ဦးဆောင်မှုဖြင့် ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူစိန် မှော်ဘီယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ ဒုတိယရဲအုပ်ဇော်အေးတို့က မှော်ဘီမြို့နယ်အတွင်း၌ ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့်ပတ်သက်၍ လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် အချက်အလက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ (မှော်ဘီ)**


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်




လပွတ္တာမြို့နယ်၌ ဇူလိုင် ၁၆ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ငါးခုံးမကြီး ကောင်ရေ တစ်သိန်းနှင့် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းကို ရှမ်းစုကျေးရွာ တမံချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)



## အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၌ ဆင္ဌမအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်

မိတ္ထီလာ ဇူလိုင် ၁၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)၌ ဆဋ္ဌမအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အစိုးရနည်းပညာအထက်တန်း (မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆောက်အအုံနည်းပညာသင်တန်း၊ အီလက်ထရောနစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်းနှင့် အဆောက်အအုံပြုပြင်ထိန်းသိမ်းမှု သင်တန်းတို့မှ အောင်လက်မှတ်များအတွက် ကောင်းစွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား အစိုးရနည်းပညာအထက်တန်းကျောင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



ငပုတောမြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဌေးဇော်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု စစ်ဆေးပြီး သတိပြုလိုက်နာရမည့်အချက်များကို အကြံပြုမှာကြားစဉ်။

အောင်သူ(ပြန်/ဆက်)



ကျောက်ကြီးမြို့နယ်၌ ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပရာ သင်တန်းသားများအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ပုသိမ်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပုသိမ် ဇူလိုင် ၁၈

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ပုသိမ်မြို့ အမှတ်(၃၆) မှန်စက်ရုံဝင်း၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေနှင့် တက်ရောက်လာကြသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ဂျန်ရှား အစရှိသည့် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ စစ်တုရင်နှင့်စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၁၈

ပခုက္ကူတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံစစ်တုရင်နှင့် စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပရာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် စည်းမျဉ်း စည်းကမ်းများ အကြောင်းရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပကြသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စစ်တုရင်ပြိုင်ပွဲတွင် ကျောင်းသား ၁၅ ဦး၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ကျောင်းသား ၁၄ ဦး၊ ကျောင်းသူ ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## ဇေယျာသီရိမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၈

ဥပဒေရေးရာ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ ဇေယျာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းနန္ဒာသန့်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများအပါအဝင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ဥပဒေပေါင်း ၁၄ ခု ရှင်းလင်းပို့ချပေးခဲ့သည်။ ယင်းနောက်သင်တန်းတက်ရောက်လာသူများကိုမေးခွန်းများ မေးမြန်းစေခြင်း၊ ပို့ချသူက မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခြင်းဖြင့် ဥပဒေအသိပညာများ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။



ထွန်းလင်း(ဇေယျာမြေ)

## ရေတာရှည်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြ

ရေတာရှည် ဇူလိုင် ၁၈

ရေတာရှည်မြို့နယ် သပြေတန်းကွင်း ထန်းကုန်းကျေးရွာတွင် တောင်သူ ဦးဇော်မြင့် လယ်မြေ၌ လက်ဆွဲ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်ခြင်းဖြင့် လုပ်သားရှားပါးမှု အခက်အခဲနှင့် အချိန်တိုအတွင်း စိုက်ကေများများ စိုက်ပျိုးနိုင်သည့်အပြင် စပါး ပန်းတိုင်အထွက်နှုန်းကောင်းမွန်စေသည့် အကျိုးများစွာ ရရှိစေကြောင်း ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။



လက်ဆွဲ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မင်းဦးက လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

## မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေး



ငပုတော ဇူလိုင် ၁၈

ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌ ကျေးရွာမြေငှားဂရန်များ အမြန်ဆုံးထုတ်ပေးနိုင်ရေး ယနေ့တွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရည်မွန်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဆန်းဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးပြီး မြေပြင်ကွင်းဆင်းတိုင်းတာခဲ့မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အောင်သူ(ပြန်/ဆက်)

ပုလောမြို့နယ်၌ ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





မော်လမြိုင်မြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆)ဆင်းပွဲကို ဇူလိုင် ၁၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်စဉ်။ ရွှေမြိုင်သူ

## (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာပေဆုများ ယှဉ်ပြိုင်



**ပန်းတနော်**

ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပရာ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

**ပွင့်ဖြူ**

ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၁၇ ရက်က (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နယ်လှည့်အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်စာပေ ချစ်မြတ်နိုးသူများ(Book Club)အဖွဲ့ အတွင်းရေးမှူး ဆရာကြီး ဦးကျော်စိုး(ပညာရေးငြိမ်း)က အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အာဇာနည်ပုဂ္ဂိုလ်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးဟောပြောသည်။ အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့သည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ရာမည(ပြန်/ဆက်)

**တာချီလိတ်**

(၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်က အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၃၀ တို့က သတ်မှတ်ခေါင်းစဉ်များဖြင့် စာစီစာကုံးရေးသားခြင်းနှင့် ပန်းချီရေးဆွဲခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ကြသည်။ ရွှေမြိုင်သူ(ပြန်/ဆက်)

**တောင်ငူ**

တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြောပြီး ပြိုင်ပွဲကိုစတင်ရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၂ ဦးက ဇူလိုင် ၁၉ နှင့် သမိုင်းပေးတာဝန်၊ ၁၉ ဇူလိုင် မမေ့နိုင်၊ မမေ့အပ်သည့် ကိုးဦးသောအာဇာနည် စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။ ဇော်ကိုကို(တောင်ငူ)

# ကမ္ဘာရေးရာ Global Affairs

အမှတ် (၃၈) (ဇွန်-ဇူလိုင်၊ ၂၀၂၆)

ထွက်ပြီ




"အမေရိကန် – တရုတ် မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှုနှင့် အာရှ – ပစိဖိတ်၏ အနာဂတ်"

၂၀၂၆ ခုနှစ်၊ (ဇွန်–ဇူလိုင်) ကမ္ဘာရေးရာ အမှတ်စဉ်–၃၈ တွင်

- အမေရိကန်–တရုတ် ဆက်ဆံရေးများကို လေ့လာခြင်း
- ထရမ့်–ရှီ တွေ့ဆုံဆွေးနွေးပွဲ၏ ကမ္ဘာနှင့် မြန်မာအပေါ် သက်ရောက်မှုများ
- ပေါင်းစည်းဟန့်တားမှုမှသည် ဉာဏ်ရည်တုသုံး စစ်ဆင်ရေးဆီသို့
- ကမ္ဘာ့စီးပွားရေးကို ကိုင်လှုပ်နေသော အရှေ့အလယ်ပိုင်း
- မျက်မှောက်ခေတ် ကမ္ဘာ့စံနှုန်းများ ရွေ့လျားပြောင်းလဲခြင်း
- အမေရိကန်၏ တတိယစစ်မျက်နှာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈


## အိတ်ဖွင့်တင်ဒါအမှတ် (၂/ ၂၀၂၆-၂၀၂၇) ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ်ကြေးနီ ၃၆၅ မက်ထရစ်တန်အား 1 Lot လျှင် ၁၀ မက်ထရစ်တန်စီဖြင့် 35 Lots နှင့် ကက်သုတ်ကြေးနီ ၁၅ မက်ထရစ်တန် 1 Lot စုစုပေါင်း 36 Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလက်မှု လုပ်ငန်းရှင်များသို့ "**မြန်မာကျပ်ငွေ**" ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည် ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်ရက်တွင် အင်တာနက်၌ ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange–LME) ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်း အပေါ်တွင် အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည် ဖြစ်ပြီး Premium ကြေး အများဆုံး ပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူများကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီများကို ရန်ကုန်မြို့တွင် ထုတ်ယူရမည်ဖြစ်ပြီး၊ Mine Site မှ ရန်ကုန်မြို့သို့ သယ်ယူခ၊ တင်ချခစရိတ်များကို တင်ဒါအောင်မြင်သည့် ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်များမှ ကျခံရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့် ရက်နှင့် အချိန်မှာ ၆ – ၈ –၂၀၂၆ ရက် ၊ မွန်းတည့် ၁၂ နာရီ ဖြစ်ပြီး ယင်းရက် ညနေ ၃ နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဖုန်း–၀၆၇–၃၄၀၉၃၇၈၊ ၀၆၇–၃၄၀၉၃၇၂ နှင့် ၀၆၇–၃၄၀၉၃၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အမှိုက်ကျင်းများတိုးချဲ့တည်ဆောက်ခြင်း (Sanitary Landfill) နှင့်ဆက်စပ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်း (Chain Link ကာရံခြင်း)လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်ကျင်းများတိုးချဲ့တည်ဆောက်ခြင်း (Sanitary Landfill) နှင့်ဆက်စပ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်း (Chain Link ကာရံခြင်း) လုပ်ငန်း အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၂၇–၇–၂၀၂၆)ရက်(တနင်္လာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်ရက်အချိန်** – (၁–၈ –၂၀၂၆)ရက် (တနင်္လာနေ့) (၉ : ၃၀) မှ(၁၆ : ၃၀)နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** – (၁၂–၈–၂၀၂၆)ရက် (သောကြာနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** – မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/– နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ သန့်ရှင်းရေးဌာန၊ ၀၉–၄၄၄၀ ၁၅၆၀၉၊ ၀၉–၇၈၇၇၄၇၆၄၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ် ဆောင်ရွက်သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ အမည်ပေါက်ဖခင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ သား/သမီးများမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ်အမည်ပေါက် မိခင်ကွယ်လွန်၍ သမီးမှလည်းကောင်း၊ အမည်ပေါက်ဇနီး ကွယ်လွန်၍ ခင်ပွန်းမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ်အမည်ပေါက် ခင်ပွန်း ကွယ်လွန်၍ ဇနီးမှလည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများမှလည်းကောင်း။ ၎င်းတို့၏အမည်ဖြင့် အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများ နှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်–

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဒေါ်ကြည်ကြည်စော ၁၂/ဒလန(နိုင်)၀၄၀၆၅၄ (မှ) | ဦးမျိုးအောင် ၇/ပခန(နိုင်)၁၉၁၈၂၂ | တိုက် (၁၀၅/၃၁၁)၊ အခန်း (တထပ်/ဝဲ/၄လွှာ)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ |
| ၂။ | ဦးညွန့်သိန်း ၇/တငန(နိုင်)၀၄၃၃၀၀ (မှ) | ဒေါ်အိအိနိုင် ၁၂/လမန(နိုင်)၁၃၁၆၁၈ | တိုက် (၂၉)၊ အခန်း (၁၂)၊ လှိုင်မြင်းမိုရ် အိမ်ရာ၊ လှိုင်မြို့နယ်။ |
| ၃။ | ဒေါ်မြင့်မြင့်ဝင်း ၁၂/လမန(နိုင်)၀၄၀၂၇၀ (မှ) | ဦးကျော်စွာလင်း ၁၂/ရကန(နိုင်)၀၀၆၄၈၃ | တိုက်(၅)၊ အခန်း(၂၃)၊ ဆောင်းဟေမာန် အိမ်ရာ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ |
| ၄။ | ဦးအောင်သိန်း ၁၃/ကလန(နိုင်)ပ၀၁၆၇၉ (ကွယ်လွန်) (မှ) | ဦးသန့်စင်အောင် ၁၃/ကလန(နိုင်)၀၀၁၆၈၀<br>ဒေါ်စန်းစန်းအောင် ၁၂/လမန(နိုင်)၀၂၆၉၀၁<br>ဦးကျော်စောအောင် ၁၃/ကလန(နိုင်)၀၀၁၆၈၁ | တိုက် (၁၃)၊ အခန်း (၃၆)၊ တိုက် (၂၂)၊ အခန်း (၁၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၅။ | ဒေါ်ညွန့်ရှင် ၁၂/ကမရ(နိုင်)၀၂၆၆၃၇(ကွယ်လွန်) (မှ) | ဒေါ်အေးသန္တာ ၁၂/ကမရ(နိုင်)၀၂၆၆၃၄ | တိုက် (၂၀)၊ အခန်း (၄)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၆။ | ဒေါ်ဌေးဌေးခိုင် ၁၂/ကမရ(နိုင်)၀၀၇၀၄၀ (မှ) | ဒေါ်သော်တာဝင်း ၁၂/ကတန(နိုင်)၀၆၆၀၅၈ | တိုက်(၂၃)၊ အခန်း(၂–ဘီ)၊ ဦးအောင်မြတ် လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| ၇။ | ဒေါ်လှငွေ EA-၀၀၁၆၄၄ ၁၄/ပသန(နိုင်)၀၀၆၈၂၄ (ကွယ်လွန်) (မှ) | ဦးမြင့်သိန်း ၁၄/ပသန(နိုင်)၀၀၆၈၂၃ | တိုက် (၁၁)၊ အခန်း (၁၄)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၈။ | ဦးအုန်းမောင် ၁၂/ကမရ(နိုင်)၀၄၀၉၇၉ (ကွယ်လွန်) (မှ) | ဒေါ်ခင်နှင်းရီ ၁၂/ကမရ(နိုင်)၀၄၁၈၉၅ | တိုက် (၂၁)၊ အခန်း (၅)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၉။ | ကန်ထရိုက်တာ ဦးဘခင် ၁၂/မဂတ(နိုင်)၀၇၉၉၅၄ (မှ)<br>ဦးကျော်ဇင်(ခ)ကျော်လှဖြူ KTDA-007685 (မှ)<br>ဒေါ်အိအိရွှေ ၁၂/ပဘတ(နိုင်)၀၂၉၄၁၂ (မှ) | ဦးသန်းထွန်း(ခ)ပြည်သိမ်း ၁၂/ပဘတ(နိုင်)၀၃၁၂၉၃ | တိုက် (၂၈/၃၂)၊ အခန်း (၆လွှာ/ဘီ)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။ |
| ၁၀။ | ကန်ထရိုက်တာ ဦးအောင်ဇော်ဝင်း MDW–248282 (မှ)<br>ဦးအောင်နိုင်စိုး ၁၀/သထန(နိုင်)၀၉၉၈၇၂ (မှ) | ဒေါ်မူမူဝင်း ၁၂/ပဘတ(နိုင်)၀၂၄၆၃၆ | တိုက် (၅၃၆)၊ အခန်း (၆ထပ်/ယာ)၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၁၁။ | ကန်ထရိုက်တာ ဦးကျော်နိုင်ဦး (ကစ)<br>ဦးသက်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၈၂၃၇၂ (မှ)<br>ဦးဝင်းဇော် ၁၂/ဥကမ(နိုင်)၁၅၁၆၆၈ (မှ) | ဦးစိန်ဝင်း ၁၂/ပဘတ(နိုင်)၀၃၃၉၀၅ | တိုက် (၆၉၃/၇၀၁)၊ အခန်း (အေ–၅)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၁၂။ | ဒေါ်ဦးကျော့သာ ၁၁/စတန(နိုင်)ပ၁၀၃၆၆ (မှ) | ဒေါ်သို့မီလှိုင် ၁၁/စတန(နိုင်)ပ၈၈၀၈၉ | တိုက် (J)၊ အခန်း (501)၊ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၁၃။ | ဦးနေသွင် ၇/တငန(နိုင်)၀၉၇၉၃၁ (မှ) | ဦးကျော်ကျော်ထွန်း ၁၄/ပသန(နိုင်)၀၀၅၁၄၀ | တိုက် (E)၊ အခန်း (P–1)၊ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၁၄။ | ဒေါ်မီမီယုနိုင် ၁၂/ပဇတ(နိုင်)၀၀၃၇၂၄ (မှ) | ဒေါ်တင်အိအိသန်း ၁၂/ဗတထ(နိုင်)၀၀၂၁၀၇ | တိုက် (F)၊ အခန်း (02–1)၊ ပုလဲကွန်ဒို အိမ်ရာ၊ ဗဟန်းမြို့နယ်။ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၆–ခ/၁၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၈၉)၊ မြေဧရိယာ(၀.၁၁၂)ဧကရှိမြေကွက်သည် မူလက ဒေါ်သီတာလင်း အမည်ဖြင့် (၂၁–၅–၂၀၅၂) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၂၅–၅–၂၀၂၆)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၆၉/၂၀၂၆)အရ မူလ မြေဧရိယာ(၀.၁၁၂) ဧကအနက် တောင်ဘက်ခြမ်း ဧရိယာ(၀.၀၂၈) ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးမောင်မောင်ဇင် ၁/မကန(နိုင်) ၂၀၉၀၁၆ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးမောင်မောင်ဇင် အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ –၁ နှင့် ၅)**
**ရွှေပြည်သာမြို့နယ်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၄၂**

ဒေါ်ကြူကြူမာ နှင့် ဒေါ်ခင်ဆုလှိုင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည်လမ်း၊အမှတ်(၅၈၃) နေ ဒေါ်ခင်ဆုလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြူကြူမာက "ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူသင်းခိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ တလုတ္တော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်–(၈၈–A/ကျောက်ဝိုင်းကွင်း)၊ ဦးပိုင်အမှတ်(၄၇/၂)၊ မြေမျိုးနှင့်အတန်း–(ဥယျာဉ်)၊ ဧရိယာ (၁.၀၁)ဧကရှိ ယာမြေနှင့် ယင်းယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးသိန်းထိုက် (၈/ခမန(နိုင်) ၁၆၂၁၁၀)မှ ၎င်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသည့် ယာမြေဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ ယာမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုမွန်သန့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၄၆၅)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၂၅၄၂၆၂၈၁၃**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ်(၈ေ–၆)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀. ၀၅၅)ဧကခန့် အကျယ်အဝန်းရှိ ဦးဉာဏ်ထွန်း အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသူ ဦးညွန့်ဝင်း (ဘ) ဦးဌေးအောင် [၈/မမန(နိုင်)၀၁၂၉၉၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကျင်မောင်(ဘ)ဦးလူထင် [၈/ခမန(နိုင်)၁၁၉၃၉၀ နှင့် ဦးဟိန်းထက်လင်း (ဘ) ဦးဟန်ညွန့် ၈/ပခက(နိုင်)၂၆၇၂၃၈တို့က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**၁။ ဦးကျင်မောင် ၂။ ဦးဟိန်းထက်လင်း**

**လွှဲအပ်ချက်အရ**
**ဒေါ်စန္ဒာအောင် LL.B**
**(အထက်တန်းရှေ့နေ) စဉ်–၅၃၇၄၁**
**ဖုန်း–၀၉–၆၉၉၉၇၈၂၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်၊ ၇/မြို့မ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်– ၁၃/17 မြို့မြေ၊ မြေဧရိယာ(၀.၀၄၀)ဧကရှိ မြေကွက်အား ဦးလှဘော်(ဘ)ဦးဘိုးမြ ၁/မညန(နိုင်)၀၇၄၄၂၀နှင့် (ဇနီး)ဒေါ်ဝါဝါစိုး (ဘ) ဦးဝင်းဇော် ၁/မညန(နိုင်) ၀၈၁၇၈၀၊ သား ဦးသန်းထိုက်စိုး (ဘ) ဦးလှဘော် ၁/မညန(နိုင်)၁၆၁၅၀၉ တို့၏အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်သဖြင့် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဘော်၊ ဒေါ်ဝါဝါစိုး၊ ဦးသန်းထိုက်စိုး**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက ချောင်ကြီးကျေးရွာ Grade– 12 တွင် ပညာသင်ယူနေသည့် မနှင်းဝတ်လွှာ၏ ဖခင် ဦးအုန်းဇော်မြင့်၏ အမည်မှန်မှာ ဦးအုံးဇော်မြင့် ၁၄/ကကန(နိုင်)၀၈၃၈၈၈ ဖြစ်ပါကြောင်း။

**ဦးအုံးဇော်မြင့်**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ဆန်းဝင်း(၈/မဘန(နိုင်)၀၈၆၁၆၁)၏သမီး၊ မကွေးမြို့၊ အနာဂတ်ကြယ်ပွင့်လေးများ ကိုယ်ပိုင်အထက်တန်းကျောင်း ၊ Grade–12 မှ မသဇင်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၅–၆–၂၀၀၈) ဖြစ်ပါကြောင်း ။

**မသဇင်အောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ–၁၀)၊ ဦးပိုင်အမှတ် (၂၈)၊ ၆၁X၆၂ကြား၊ ၁၃၄X၁၃၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းညိမ်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၆၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲမင်းထွန်း ၁/မညန(နိုင်)၁၄၁၇၄၀က အမှုတွဲအမှတ်(၁၀၄၈/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/47249, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆက်ပိုင် ၁၄/လမန(နိုင်) ၁၀၈၃၀၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(18U/6702) Dayang–200, 3/W (Truck Body) ယာဉ်လက်ဝယ်ရှိသူ Yan SHIN Thant Co;Ltd က ကမ–၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ တိုင်းရုံး(မကွေး)**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ အကွက်အမှတ် ၆၁၀ ၊ ဦးပိုင်အမှတ် D–၂၁၀+D–၂၁၁/ကြံတန်းတိုးချဲ့ဖြတ်လမ်းနှင့် ကြံတန်းရွာလယ်လမ်းကြား၊ စစ်–မန်းကားလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ချောစုကြည် ၁၂/ရပသ(နိုင်)၀၃၃၂၄၆ က ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/စခန်းကြီးရွာကွင်း)၊ ဦးပိုင်အမှတ် (၇/စ–၅)၊ ဧရိယာ (၀ ဒသမ ၁၈)ဧကရှိ မြေကွက်အား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂–၇–၂၀၁၉ ရက်စွဲပါ အမှုတွဲအမှတ် (၉၀/၂၀၁၉) အရ ဒေါ်မေသင်း အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်မေသင်းထံမှ ဦးအေးမင်းသည် ညောင်ရွှေမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၉–၆–၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၂၅/၂၀၂၆) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအေးမင်း(၇/ဒဥန(နိုင်)၀၆၆၄၅၉) အမည်ဖြင့် မြေငှားဂရန် (စက်မှု/စီးပွားအမည်ပြောင်း)လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၇/ပစ္ဆိမာရုံရပ်)၊ ဦးပိုင်အမှတ် (၁၇၀)၊ မြေကွက်အမှတ် (177)၊ ဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိ မြေကွက်အား တောင်ကြီးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၆–၁၀–၁၉၉၄ ရက်စွဲပါ အမှုတွဲအမှတ် (၂၇/၁၉၉၄)အရ ဦးရဲတင့် အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးရဲတင့် ထံမှ ဦးခွန်ငြိမ်းချမ်းအောင်သည် ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၃–၁၂–၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ် (၃၈၁/၂၀၂၄) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးခွန်ငြိမ်းချမ်းအောင် (၁၃/ကလန(နိုင်)၁၁၉၇၄၄) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/ 88004 New star–125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းသူ ၉/အမရ(နိုင်) ၁၁၈၂၀၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/34607 TARYAN–125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဦး ၉/မမတ (နိုင်) ၀၇၉၉၈၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၆**

တပ်ကြပ်ကြီး ကျော်မင်းထွန်း နှင့် ဒေါ်ဖူးဖူးပြည့်စုံ
(တရားလို) (တရားပြိုင်)

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ယက္ကန်းသည်မကျေးရွာနေ တရားပြိုင် ဒေါ်ဖူးဖူးပြည့်စုံ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ကြီးကျော်မင်းထွန်းက အကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးသော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၈)၊ လေးရွာကွင်း၊ မြေကွက်အမှတ်(၅၆၁)၊ မြေဧရိယာ(၀.၀၆၄)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးမျိုးညွန့်ခိုင် ၉/ကပတ(နိုင်)၁၄၆၄၄၇ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၆/ကျောက်တန်းရွာမကွင်း)၊ ဦးပိုင်အမှတ် (၂၆၆)၊ မြေကွက်အမှတ် (3/463)၊ ဧရိယာ ၀ ဒသမ ၂၈၀ ဧကရှိ မြေကွက်အား ကလောခရိုင်အမှုတွဲ အမှတ် (၇၅/၂၀၂၂) အရ ဦးခင်မောင်ဝင်း အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှား ဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးခင်မောင်ဝင်း ထံမှ ဦးဘောက်အောင်၊ ဒေါ်မို့မို့လွင် တို့သည် ကလောမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၇-၆-၂၀၂၄ ရက်စွဲပါ စာချုပ်အမှတ် (၁၅၈/၂၀၂၄) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးဘောက်အောင် ၁/မကန(နိုင်)၀၆၀၇၇၁၊ ဒေါ်မို့မို့လွင် ၆/ကခန(နိုင်)၀၄၁၇၅၆ တို့အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက် (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၂/ဗိုလ်ကုန်း အနောက်ပိုင်းရပ်)၊ ဦးပိုင်အမှတ် (၂၇/က)၊ မြေကွက်အမှတ် (19/150)၊ ဧရိယာ (၀ ဒသမ ၀၆၆) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၂၀-၁-၂၀၂၂ ရက်စွဲပါ အမှုတွဲအမှတ် (၃၀/၂၀၂၂) အရ ဒေါ်ဝင်းဝင်းမာ အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်ဝင်းဝင်းမာ ထံမှ ဦးအောင်ချိုမင်း သည် ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၁၃-၁၂-၂၀၂၃ ရက်စွဲပါ စာချုပ်အမှတ်(၂၇၀/၂၀၂၃) အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအောင်ချိုမင်း(၁၂/သဃက(နိုင်)၁၆၅၃၀၄) အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၁၅၁) မြောက်ဘက်ခြမ်း ဧရိယာ(၀. ၀၈)ဧက ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃/၂၀၀၉)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆွေဆွေမော်(ဘ) ဦးလှရှင် ၉/မရမ(နိုင်)၀၃၀၂၅၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းရွှေအေးက ရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူချုပ်ဆိုကာ လက်ရှိနေထိုင်လျက်ရှိပြီး အဆိုပါမြေကွက်နှင့် ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပါက ဒေါ်ဆွေဆွေမော် က အချိန်မရွေး လိုက်ပါ ချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း၊ ထို့ကြောင့် ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်တွင် လာရောက်လက်မှတ် ရေးထိုးပေးပါရန် ဆက်သွယ်အကြောင်းကြားအပ်ပါသည်။ လာရောက် ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်စန်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၂၁)**
**ဖုန်း-၀၉-၂၅၁၁၁၅၅၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၀)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၁x၆၂ကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းညိမ်း ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၆၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲမင်းထွန်း ၁/မညန(နိုင်) ၁၄၁၇၄၀ က အမှုတွဲအမှတ် (၁၀၄၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၇)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၇x၆၈ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးဝင်းငွေး ၏(SPရရှိသူ ဦးအေးကျော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၅၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဝမ်ကင်းရီ ၁/မကန(ပြု)၀၀၀၉၆၇ က အမှုတွဲအမှတ် (၁၀၅၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၇)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၆၉လမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးမြတ် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၆၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဥမ္မာအေး ၉/မရတ(နိုင်) ၁၂၀၃၉၂ က အမှုတွဲအမှတ် (၁၀၅၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ နန်းသဲကျေးရွာရှိ အရှေ့လားသော် - လမ်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော် - ဦးယုလွင်၏နေအိမ်၊ မြောက်လားသော် - ဦးထွန်းထွန်းညွန့်၏နေအိမ်တို့ ဝန်းရံလျက်ရှိသော အလားလေးရပ်အတွင်းရှိအကျယ်အဝန်း - (အလျား - ၈၁ ပေ + ၂၀၀ ပေ) x (အနံ - ၁၁၀ ပေ + ၁၄၆ ပေ)အကျယ်ရှိ ယခုလက်ရှိအချိန်တွင် အပိုင်လွှဲပြောင်းရောင်းချသူကသာလျှင် တရားဝင်ပိုင်ဆိုင်လက်ရှိ အကျိုးခံစား ခွင့်ရှိသော မြို့မြေအမျိုးအစားခြံမြေကွက်နှင့် ယင်းခြံမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်လက်ရှိ အကျိုးခံစား စီမံခန့်ခွဲ လက်ဝယ်ထားရှိသူဖြစ်သော (ဘ) ဦးလှငွေ၏သမီးဖြစ်သူ ဒေါ်စန်းစန်းလွင်၂/လကန(နိုင်)၀၄၉၆၄၂ ထံမှ ကျွန်ုပ် ဦးဝေလင်း ၁၂/ဗဟန(နိုင်)၀၉၆၂၇၉ (ဘ) ဦးမင်းအောင်နှင့် ဦးအိမ်စည် ၁၂/သလန(နိုင်)၀၉၀၄၆၉ (ဘ) ဦးညီညီထွေးတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **၁။ ဦးဝေလင်း(ဘ)ဦးမင်းအောင်** | **၂။ ဦးအိမ်စည်(ဘ)ဦးညီညီထွေး** |
| **၁၂/ဗဟန(နိုင်)၀၉၆၂၇၉** | **၁၂/သလန(နိုင်)၀၉၀၄၆၉** |
| **အမှတ်(၅၁ -A)၊ ရွှေဟင်္သာလမ်း၊** | **အမှတ်(၁၁၁၉)၊ကုန်းဘောင်လမ်း၊** |
| **(၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊** | **(၆) ရပ်ကွက်၊ တောင်ဥက္ကလာပ** |
| **ရန်ကုန်တိုင်းဒေသကြီး** | **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်၊ ၅၈ လမ်းx၁၂၉ လမ်းနေ ဒေါ်ဝင်းနွယ်စိုး (ဘ) ဦးမောင်လေး ၈/မမန(နိုင်)၁၂၂၆၇၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်၊ ၅၈ လမ်းx၁၂၉ လမ်းနေ ဦးယောကိုကို (ဘ)ဦးလှသောင် ၈/မမန(နိုင်)၁၅၂၁၅၂ နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းနွယ်စိုး(ဘ) ဦးမောင်လေး ၈/မမန (နိုင်)၁၂၂၆၇၉တို့သည် (၂၀၀၆)ခုနှစ် မှစ၍ တရားဝင်အကြောင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေလာခဲ့ကြရာ သားသမီး(၂) ဦး ထွန်းကားခဲ့ပါသည်။ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦးတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ကြပါသဖြင့် (၁၀-၇-၂၀၂၆) ရက်တွင် အောင်မြေသာစံခရိုင် တရားရုံးတော်၌ မှတ်ပုံတင်အမှတ် စဉ်(၂၈၀/၂၀၂၆) ဖြင့် တရားဝင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း သတင်းစာတွင် ကြေညာပြီးသည့်ရက်မှစ၍ တစ်ဦးနှင့် တစ်ဦးသည် စီးပွားရေး၊ လူမှုရေး၊ ငွေကြေးအရှုပ်အရှင်း ကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက် ဆက်နွယ်ကြခြင်း မရှိတော့ပါကြောင်းနှင့် ဦးယောကိုကိုနှင့် ပတ်သက်သည့် မည်သို့မျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရွှေမြင့်မော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၆၂၅၀/ ၂၀၁၉)**
**ဖုန်း၊ ၀၉-၂၅၇၃၀၈၇၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ် ၄၈ခဲစင်းမြောက်ခြမ်း/၆၀x၆၀.Cလမ်းကြား၊ ၁၂၅x၁၂၆လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးမြင့်အေးကွယ်လွန်၍ ဇနီး ဒေါ်အေးရှိန်က အမွေဆက်ခံစာချုပ်အား ၅-၂-၂၀၀၉ ရက်တွင် ချုပ်ဆိုခဲ့ပြီး တရားလို ဦးသိန်းထွန်းဦး က တရားပြိုင် ဒေါ်အေးရှိန် (၎င်း၏GPရရှိသူဦးမောင်မြင့်) အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၂၅/၂၀၂၄) ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးသိန်းထွန်းဦး ၅/ရဘန(နိုင်)၀၀၁၉၆၆ က တောဂရန်၊ တရားရုံးအမိန့် တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၁၅၊ ဦးပိုင်အမှတ် ၇၆/၆၀Cx၆၁လမ်းကြား၊ ၁၂၅x၁၂၆လမ်းကြားရှိ ဦးသန်းထွန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်လုံးရီက တရားပြိုင် ဦးသန်းထွန်း(၎င်း၏SPရရှိသူဒေါ်ယုယုဇော်)အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၅၄/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်လုံးရီ ၈/မမန(နိုင်)၂၇၀၄၉၆ က တောဂရန်၊ တရားရုံးအမိန့် တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ် ၂၇/၆၁x၆၂လမ်းကြား၊ ၁၂၆x၁၂၇လမ်းကြားရှိ ဦးပိန် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်လွင်လွင်မော်က တရားပြိုင် ဦးပိန် (၎င်း၏SPရရှိသူ ဒေါ်အေးသီတာ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၆/၂၀၂၆) ဖြင့်တရားစွဲဆိုခဲ့ရာတရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်လွင်လွင်မော် ၉/မရတ(နိုင်)၀၈၇၇၁၇ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ သစ်ရုံရွာနေ ဦးအုံးကျော်-ဒေါ်ခင်စန်းဝင်းတို့၏သားဖြစ်သူ ဦးနေအောင်လင်း ၉/မခန(နိုင်) ၂၀၀၅၃၁ သည် မိဘများ၏ဆိုဆုံးမစကားကိုနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး တရားဝင်ဇနီးနှင့် သားတို့ရှိနေပါလျက် အခြားသော မိန်းမတစ်ဦးနှင့် ဖောက်ပြန်ကာ နေအိမ်မှဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မိဘများမှ သားဖြစ်သူ ဦးနေအောင်လင်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအုံးကျော်-ဒေါ်ခင်စန်းဝင်း တို့၏လွှဲအပ်ချက်အရ-**
**ဒေါ်ဇင်မင်းသူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၂၆)**
**ငွေတော်ကျီကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၉၀၀၆၈၄၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/ 9529 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/ 88004 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/ 20234 Kenbo-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသက်သက်ဝေ ၉/လဝန(နိုင်)၂၁၉၀၁၇ က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/63503 Honda Click-160 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၉/အမရ(နိုင်) ၁၄၁၂၀၀ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/ 3629 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/ 87559 Canda-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်အောင် ၉/အမဇ(နိုင်)၁၀၁၀၈၇ က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/ 2150 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/18072 Lonxung-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းထွန်း ၉/မနတ(နိုင်) ၁၀၂၃၂၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 23W/ 80414 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/ 30893 Honda C90 Custom cmv ယာဉ်လက်ဝယ်ရှိ သူ ဦးနီ ၉/မနမ(နိုင်) ၀၃၂၉၆၃ က မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အထူးကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်ဝင်း စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) မကျန်းမာစဉ်ကစ ၍ နာရေးကိစ္စအဝဝနှင့် ရက်လည်သည်အထိ မေတ္တာကရုဏာဖြင့် အထူးကူညီစောင့်ရှောက်ပေးကြပါသော နိုင်ငံတော်အကြီးအကဲနှင့်ဇနီး မိသားစု၊ ရန်ကုန်မြို့၊ ပုဂံညောင်ဦးတို့မှ သားရဟန်းများ၊ စစ်ဘက်နယ်ဘက်အသီးသီးမှ ပုဂ္ဂိုလ်များ၊ မိသားစုများ၊ ပုဂံညောင်ဦး၊ မိတ္ထီလာ၊ ရန်ကုန်မြို့တို့မှ ဆေးဘက်ဆိုင်ရာအကြီးအကဲများ၊ ဆရာဝန်ကြီးများနှင့် ရောဂါဗေဒဆိုင်ရာပညာရှင်များ၊ အထူးကြပ်မတ်ကုသဆောင်မှ စေတနာမေတ္တာဖြင့် ကြင်နာစွာ ကုသစောင့်ရှောက်ကြပါသော ပုဂ္ဂိုလ်များအားလုံးနှင့် ရေနံချောင်းမြို့မှ သားတပည့်မိတ်ဆွေများ၊ နိုင်ငံတစ်ဝန်းလုံးမှ ရန်ကုန်ပညာရေးတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာများ၊ စာဖတ်ပရိသတ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ စွယ်တော်မိသားစု၊ မြန်မာ့ဂုဏ်ရည် အိမ်ရာမိသားစုများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုကွန်ရက်မှတစ်ဆင့် မေးမြန်းပေးကြသော ပုဂ္ဂိုလ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လေးစားစွာတန်ဖိုးထား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**သမီး နန့်ချစ်ကြည်နှင့်မိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-က၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၂၆၈)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်အား မူလကဒေါ်ခင်သူမောင် အမည်ဖြင့် (၂၂-၃-၂၀၅၂)ရက်အထိမြေငှါးဂရန်သက်တမ်းရရှိခဲ့ပြီး (၂၇-၄-၂၀၂၆)ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၁၃၂/၂၀၂၆)အရ ဒေါ်ခင်သူမောင်ထံမှ ဒေါ်ဆိုင်းဂျာ အမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ဆိုင်းဂျာ ၁/မကတ(နိုင်)၁၁၂၈၀၄ အမည်ဖြင့် အမည်ပြောင်းမြေငှား ဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁၊ရမ်ပူမြောက်)၊ ဦးပိုင်အမှတ်(၉၈/၄)၊ မြေဧရိယာ(၀.၁၂၈) ဧကရှိမြေကွက်အား မူလကဒေါ်ဆွေဆွေလွင်အမည်ဖြင့်(၁၂-၁၀-၂၀၄၆)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၉၈/၄-ခ)၊ မြေဧရိယာ(၀.၀၆၃)ဧကအပိုင်းကို (၁၅-၅-၂၀၂၆) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၅၈/၂၀၂၆) အရ ဒေါ်ဆွေဆွေလွင်ထံမှ ဒေါ်နန်းလွင်ဦးအမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်နန်းလွင်ဦး၁/မကန (နိုင်)၁၂၂၃၉၂ အမည်ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့် ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ထ/၄၃)၊ သံလွင်ရွှေပြည်လမ်း၊ မြေကွက်အမှတ်(၂၆၄/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးစိုးလှိုင်အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးထွန်းထွန်းဝင်း (၉/မခန(နိုင်)၁၆၀၉၈၂)မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေများထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇွန်မေဒေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၀၂၄၄၃၁၆**

## လက်ရောက်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၈)လမ်း၊ အမှတ်(၁၀၁၇/ခ)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်(အလျား ၁၈ ပေ x အနံပေ ၅၀)ကျယ်ဝန်းသည့် တိုက်ခန်း(၁)ခန်းအပါအဝင် ယင်း၏ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းမိတ္တူများ၊ ဆက်စပ်စာချုပ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၀-၇-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပိုင်ဝယ်ယူသူ ဦးထက်လင်းနောင် (၅/မရန(နိုင်)၁၇၆၁၁၈)သည် အပြီးအပိုင် ရောင်းချသူ ဒေါ်မှူးမြတ်သွယ် (၁၄/ပသန(နိုင်) ၂၅၂၀၈၃)ထံမှ အပြီးအပိုင်ဝယ်ယူပြီး လက်ရောက်ရယူခဲ့ပါကြောင်းနှင့် ဦးထက်လင်းနောင် ဥပဒေနှင့်အညီဝယ်ယူရရှိထားသောတိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ကို မပြုလုပ်ကြပါရန် နှင့် ဖောက်ဖျက် ပါက တည်ဆဲ/ပြဋ္ဌာန်းဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးထက်လင်းနောင် (၅/မရန (နိုင်) ၁၇၆၁၁၈)**

**အမှတ်- ၁၃/၈၊ နံပတ် (၁၀)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၈၃၄၇၇၃၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖြုတ်ခွဲကျေးရွာအုပ်စု၊ သင်းလှိုင်းကျေးရွာ၊ ကွင်းအမှတ်-၁၅၃၃(ဘုန်းကြီး ထွက်ရိုး)၊ ဦးပိုင်အမှတ်-၁၉၈ခ/၁၊ ဒေါ်လှကြည် အမည်ပေါက် ဧရိယာ ၂.၄ ဧက၏ လယ်မြေလုပ်ပိုင်ခွင့် ပုံစံ ၇ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနသို့ လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သေးသေး၊ ဖုန်း-၀၉- ၇၇၁၉၉၈၉၁၉**

## မွေးသက္ကရာဇ်မှန်

(ဘ) ဦးနန္ဒဇော်လင်း၏သမီး၊ ကျိုင်းတုံမြို့၊ TIP AUNG ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်မှတ်ပုံတင်အမှတ် (၀၀၇၆)၊ Grade-12 မှ မဆုလင်းလက်၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၆-၂၀၀၉) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အထက(၅) Grade-6(B)မှ မဇင်ဝတီ၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသန့် ၈/ ပခက(နိုင်)၀၀၁၄၇၃ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးသန့်**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက(ခွဲ)အတွင်း အိုးဘို Grade-11 မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ထွန်း ၁၄/ပတန(နိုင်) ၁၄၆၁၉၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/45292 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဒေါ်ကြင်ဥ
## အသက်(၉၁)နှစ်

(ဦးအိ-ဒေါ်အေးငွေ)တို့၏သမီး၊ (ဦးစိန်ငွေး)၏ဇနီး၊ ဦးသန်းနိုင်-ဒေါ်ချိုချိုပြုံး၊ ဦးကျော်နိုင်ဦး-ဒေါ်ခင်မာမြင့်၊ ဦးသန်းထိုက်-ဒေါ်သင်းသင်း (စိန်မင်းသမီးရတနာဆိုင်)၊ ဦးမျိုးဝင်းအောင်၊ ဦးကျော်ကျော်-ဒေါ်ချိုချိုငွေး၊ ဒေါ်ချိုမာအေး တို့၏မိခင်၊ မြေး(၉)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကြင်ဥသည် ၁၈-၇-၂၀၂၆ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၂၀-၇-၂၀၂၆ ရက် (တနလ်ာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှရီ
## အလုပ်သမားဝန်ကြီးဌာန(အငြိမ်းစား)
## အသက် (၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ်(၁၄၆၈)နေ (ဒေါ်ခင်ချစ်)၏ခင်ပွန်း၊ (ဦးနိုင်ဦး)၊ (ဦးနေလင်း)နှင့် ဒေါ်မိုးမိုးအေးတို့၏ ဖခင်၊ ဒေါ်သန္တာနှင်းဆီ၏ အဘိုးသည် ၁၈-၇-၂၀၂၆ ရက်(စနေနေ့)နံနက် ၁၂:၅၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၆ရက် (တနလ်ာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်စွာအသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/9244 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သပြေလှကျေးရွာ၊ တောင်ဆုံးလမ်း၊ အမှတ်(၅)၊ ပေ(၉၀'x ၅၀') အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်သန်းတင် ၇/ဖမန(နိုင်)၁၀၂၂၈၂ မှ တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ဒေါ်သန်းတင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံး သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးခင်မောင်ဦး(LL,B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၄၁၁/၂၀၂၃)**
**ကျည်တောင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ Ph: 09-776044788**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ရဲထွဋ်(၁၂/ဗဟန(နိုင်)၀၀၁၄၅၆)နှင့် ဒေါ်မြင့်ကေခိုင် (၁၂/သဃက(နိုင်)၁၅၉၉၇၂)တို့သည် ဦးမင်းမောင်မောင် (၉/စကတ(နိုင်)၀၀၀၂၀၀)နှင့်ဒေါ်ဖြူနှင်းအေး (၁၂/ရကန(နိုင်)၀၀၆၂၄၈)တို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်(၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၆)၊ တိုက်အမှတ်(၁၃၄)၊ အခန်းအမှတ်(၅) ဟုခေါ်တွင်သည့်တိုက်ခန်းအပြင် ထိုတိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သည့် ပိုင်ဆိုင်ခွင့်ရှိသောအကျိုးခံစားခွင့်အရပ်ရပ် အားလုံးကိုအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးကျော်ရဲထွဋ်နှင့် ဒေါ်မြင့်ကေခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ/**

| | |
|---|---|
| **ဒေါ်မော်မော်ခင်** | **ဒေါ်သဲအိစံ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)** |

**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅) ရန်နိုင်လမ်းသွယ်(၃)၊ (၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်။ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၁၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၃)၊ မြေပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူဆောက်လုပ်ထားသော (၇)ထပ်တိုက်အနက်မှ ကန်ထရိုက်တာပိုင်အခန်းဖြစ်သည့် (၄)လွှာ(ခြေရင်းခြမ်း)ဘက်အခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားရောင်းချသူ ဦးမြင့်လှိုင် (၁၂/စခန(နိုင်)၀၁၁၇၉၂)မှ အဆိုပါတိုက်ခန်းအား ၎င်းအမွေဆက်ခံပိုင်ဆိုင်ပြီး မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ဆွေဆွေသိန်း(၁၂/စခန(နိုင်)၀၀၆၈၉၆)နှင့် ဒေါ်အိသန္တာတင်(၁၂/စခန(နိုင်)၀၅၈၂၂၇)တို့မှ အပြီးအပိုင်ဝယ်ယူရန် (၁၅-၇-၂၀၂၆)ရက်တွင်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေဆွေသိန်း နှင့်**
**ဒေါ်အိသန္တာတင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုအောင်(LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ(LL.B)** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၃၈)၊ ရန်ကင်းလမ်း၊ မုန့်/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၁၃၈၂၄၃**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ထက်(B.A,M.A)
## သမိုင်းပါမောက္ခ(ငြိမ်း)
## အသက်(၈၆)နှစ်

ပိန်းဇလုပ်မြို့နေ (ဦးဘိုးရင်-ဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃)နေ (ဦးမောင်မောင်ကြီး-ဒေါ်ကျင်မြ)၊ (ဦးမောင်မောင်တင်-ဒေါ်အေးမြင့်)၊ (ဦးမောင်မောင်ကြည်- ဒေါ်သန်းကြည်)၊ ဦးစိုးမြင့်-(ဒေါ်လှမြင့်)၊ (ဒေါ်ခင်သက်)တို့၏ ညီမ၊ တူ၊ တူမ (၁၈)ယောက်တို့၏ အဒေါ် ဒေါ်မြင့်မြင့်ထက် သည် ၁၇-၇-၂၀၂၆ရက် (သောကြာနေ့)ည ၁၁နာရီတွင် (၉၆) ပါးသောရောဂါဖြင့် သုခကမ္ဘာဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၇-၂၀၂၆ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ မြေကွက်အမှတ်(၂၉၅)ဟုခေါ်တွင်သော ဧရိယာပေ(၄၅x၆၀)ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်ခွဲမခွဲစိတ်ရသေးသော (၂၅ပေx ပေ ၆၀)မိတ္တူခြမ်းနှင့် နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှမြင့်(၁၂/ဥကမ(နိုင်)၀၀၈၃၀၉)ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းမူရင်းများနှင့်ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၆၀)**
**အမှတ်(၁၀၄၈)၊ ဒူးယား(၈)လမ်း၊ (၄၉)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၆၈၅၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ် ဇ၉-၄၊ ဦးပိုင်အမှတ် ၁၄-က၊ ၅၆X ၅၇ကြား၊ ၁၀၇X ၁၀၈ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်တင့် ၉/အမရ(နိုင်)၀၇၉၀၅၃ ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၂၈၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအဟ္မာ ၁/မညန(နိုင်)၀၈၆၂၁၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ်(၆၈/၄၀x၄၁ကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်ဝင်း ၅/စကန(နိုင်)၁၀၇၁၃၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9046 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နှင်းနှင်းထွန်း (ခ) May Seven (၁၃/တကန(နိုင်) ၂၇၂၄၄၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ဒေါ်နှင်းနှင်းထွန်း (ခ) May Seven မှ ဖွင့်လှစ်ထားသည့် 7's Closet အထည်ဆိုင်၊ ဒေါ်နှင်းနှင်းထွန်း(ခ) May Seven နာမည်နှင့် ဒေါ်နှင်းနှင်းထွန်း မိသားစုဝင်များအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် ၎င်း၏ မိတ်ဆွေများ အချင်းချင်းကြား အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စကားများပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ လူမှုစီးပွားရေးကို Facebook Account တုများဖြင့် လိုက်လံနှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေသည့် အသုံးအနှုန်းများနှင့် စာသားများ၊ ဓာတ်ပုံများ၊ Facebook Mesenger, Viber, Telegram လူမှုကွန်ရက်များ၌ Post များတင်ခြင်း၊ စာသားများ၊ ဓာတ်ပုံများအား ဖြန့်ဝေခြင်းပြုလုပ်ဆောင်ရွက်ပါက ဆောင်ရွက်သူ မည်သူမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်အိအိမိုး (LLB) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၈၇)**
**ဖုန်း - ၀၉-၉၄၅၁၅၆၅၆၆**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်နီအမျိုးသားစိမ့်တောဥယျာဉ်ကို ကြည့်ရှုလေ့လာစဉ်။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာ

ညင်ချီ ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❑

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၇-၂၀၂၆ ရက်နေ့မှ ၂၂-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌(၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများနှင့် ပြပွဲများကို ယမန်နေ့က လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပရာ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ထူးချွန်ဆုရရှိကြသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပူဖောင်းဖောက်ကစားခြင်းနှင့်ဘောလုံးပစ်ကစားခြင်းများကိုလည်း ပျော်ရွှင်စွာကစားခဲ့ကြပြီး ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဟန်နီ(ပြန်/ဆက်)

## လေရှီးမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

လေရှီး ဇူလိုင် ၁၈

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက လေရှီးမြို့ ဆေးရုံကုန်းနှင့် ရိပ်သာ(၂)၌ ကျင်းပရာ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်

စာမျက်နှာ ၁၂ ကော်လံ ၅ ◆




## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မဲခေါင် - လန်ချန်းစီမံကိန်းအစီအစဉ်ဖြင့် ရေချိုပုစွန်တုပ်ကြီး သက်လတ်ကောင်များဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် "ရေချိုပုစွန်သားဖောက်မွေးမြူရာတွင် ဇီဝလုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ရေချိုပုစွန်ထုတ်လုပ်မှုတိုးမြှင့်ခြင်း" စီမံကိန်းအစီအစဉ်ဖြင့် ရေချိုပုစွန်တုပ်ကြီး သက်လတ်ကောင်ရေ ၅၄၀၀၀ အားပုစွန်မွေးတောင်သူများသို့ဖြန့်ဝေခြင်းအခမ်းအနားကို

စာမျက်နှာ ၁၂ ကော်လံ ၅ ✻



### ယနေ့ သ တင်း အ ညွှန်း

အမည်မည်းနှင့် အမြဲမနေစေလို

ဆောင်းပါး စာ ၆

သူနာပြုနှင့်သားဖွားစွမ်းအားစု - အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရင်းနှီးမြှုပ်နှံမှု

ဆောင်းပါး စာ ၁၀